ကြေးမုံ
၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ ရက်၊ ၂၀၁၁ ခုနှစ်၊ ဩဂုတ် ၁၂ ရက်၊ သောကြာနေ့၊ အတွဲ (၅၀)၊ အမှတ် (၃၁၀)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်	စီးပွားရေး ဦးတည်ချက် (၄) ရပ်	လူမှုရေး ဦးတည်ချက် (၄) ရပ်
✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး ✻ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး ✻ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး ✻ ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး	✻ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး ✻ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး	✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး ✻ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး ✻ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

လွှတ်တော်ဒုတိယပုံမှန်အစည်းအဝေးများကျင်းပရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တက်ရောက် အဖွင့်အမှာစကားပြောကြား

နေပြည်တော် ဩဂုတ် ၁၁

လွှတ်တော်ဒုတိယပုံမှန်အစည်းအဝေးများကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော် လွှတ်တော်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါညှိနှိုင်းအစည်းအဝေးသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ လွှတ်တော်ရုံး၊ နေပြည်တော်ကောင်စီနှင့် နေပြည်တော် စည်ပင်သာယာရေးကော်မတီတို့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက လွှတ်တော်ဒုတိယပုံမှန်အစည်းအဝေးများ၏ ထူးခြားချက်များနှင့် အစည်းအဝေးများ အောင်မြင်စွာ ကျင်းပနိုင်ရေးတို့နှင့်စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်းတို့က ပြန်ကြားရေးလုပ်ငန်းဆိုင်ရာကိစ္စများနှင့် လွှတ်တော်အစည်းအဝေးများသို့ ပြည်တွင်းရှိ နိုင်ငံခြားသတင်းဌာနများမှ သတင်းထောက်များ၊ ပြည်တွင်းရှိစာနယ်ဇင်းများမှ သတင်းထောက်များ လာရောက်သတင်းရယူရေးကိစ္စတို့နှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းညွန့်က တည်းခိုရေးနှင့် နေရာချထားရေးလုပ်ငန်းများ စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က အခမ်းအနားပြင်ဆင်ရေးလုပ်ငန်းများ စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ဧည့်ခံကျွေးမွေးရေးလုပ်ငန်းများ စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းက ဆက်သွယ်ရေးလုပ်ငန်းများ၊ အသံထိန်းစနစ်နှင့် ဆန္ဒမဲပေး စက်ခလုတ်ဆိုင်ရာလုပ်ငန်းများ စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက လုံခြုံရေးလုပ်ငန်းများ စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန *စာမျက်နှာ ၃ ကော်လံ ၁* ❖

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း လွှတ်တော်ဒုတိယပုံမှန်အစည်းအဝေးများကျင်းပရေး ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မိုးရွာသွန်းမှုများ

၁၁-၈-၂၀၁၁

နေပြည်တော် (တပ်ကုန်း)
၁ ဒသမ ၄၆ လက်မ
လောင်းလုံမြို့
၉ ဒသမ ၈၄ လက်မ
ထားဝယ်မြို့
၅ ဒသမ ၅၆ လက်မ
ကျိုက္ခမီမြို့
၅ ဒသမ ၃၁ လက်မ
ရေးမြို့
၄ ဒသမ ၈၁ လက်မ

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဩဂုတ် ၁၂ ရက်)

ကျောင်းကျန်းမာရေးလုပ်ငန်း ဆရာ၊ မိဘ လက်တွဲဆောင်ရွက်

ယနေ့ မျိုးဆက်သစ်ကျောင်းသားလူငယ်လေးများသည် အနာဂတ်တွင် နိုင်ငံတော်၏ အမျိုးသားရေးတာဝန်ကို ထမ်းဆောင်ကြမည့်သူများဖြစ်ရာ ကျောင်းသားလူငယ်လေးများသည် အရည်အချင်းပြည့်ဝပြီး ကျန်းမာကြံ့ခိုင်မှသာ နိုင်ငံတော်အတွက် အားထားရမည်ဖြစ်သည်။

ကျန်းမာခြင်းဆိုသည်မှာ ရောဂါဝေဒနာကင်းရှင်း၍ ကိုယ်အင်္ဂါချို့ယွင်းမှုမရှိရုံမျှမက ကိုယ်တွင်းကျန်းမာမှုနှင့် ပြည့်စုံခြင်း၊ စိတ်ချမ်းသာမှုရှိခြင်း၊ ပတ်ဝန်းကျင်နှင့် ပူးပေါင်းဆက်ဆံမှုအဆင်ပြေကောင်းမွန်ခြင်းတို့ပါဝင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

၂၀၁၁-၂၀၁၂ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ်ကို ဩဂုတ်လ ၈ ရက်မှ ၁၂ ရက်အထိ အခြေခံပညာကျောင်းအားလုံး ပါဝင်ဆောင်ရွက်ရန် ပညာရေးဝန်ကြီးဌာနက နှိုးဆော်ထားသည်။ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အခြေခံပညာကျောင်းများအားလုံးတွင် ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်း၊ ကျောင်းကျန်းမာရေးစစ်ဆေးရေးနှင့် ကုသရေးလုပ်ငန်း၊ ကူးစက်ရောဂါ ကာကွယ်ရေးလုပ်ငန်း၊ ကျောင်းကျန်းမာရေးဆိုင်ရာ ပညာပေးလုပ်ငန်း၊ ကျောင်းတွင်းအာဟာရဖွံ့ဖြိုးရေးလုပ်ငန်းစသည့် ကျောင်းကျန်းမာရေးလုပ်ငန်းငါးရပ်ကို ဆောင်ရွက်သွားကြမည်ဖြစ်သည်။ ထို့အပြင် ကျောင်းသား ကျောင်းသူတစ်ဦးချင်း၏ အသက်အရွယ်အလိုက် သတ်မှတ်ထားသည့် အရပ်အမောင်းနှင့် ကိုယ်အလေးချိန်တို့ပြည့်မီရေးအတွက်လည်း ဆရာ၊ မိဘ ပူးပေါင်းဖြည့်ဆည်း ဆောင်ရွက်ကြမည်ဖြစ်သည်။

၁၉၉၅ ခုနှစ်မှ စတင်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး **Global School Health Initiative** အစီအစဉ်ဖြင့် ကမ္ဘာတစ်ဝန်းလုံးတွင် ကျောင်းကျန်းမာရေးလုပ်ငန်းများကို အရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်ရန် တိုက်တွန်းခဲ့သည်။ မြန်မာနိုင်ငံတွင်လည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏လမ်းညွှန်ချက်ကို အကောင်အထည်ဖော်သောအားဖြင့် ၁၉၉၆ ခုနှစ်မှ စတင်၍ ကျောင်းကျန်းမာရေး အဆင့်မြင့်ကျောင်းများ ထူထောင်ရေးစီမံချက်ကို ရေးဆွဲကာ ၁၉၉၈ ခုနှစ်တွင် မြို့နယ် ၉၀ ၌ စတင်အကောင်အထည်ဖော်ခဲ့သည်။

ကျောင်းကျန်းမာရေးလုပ်ငန်းသည် နိုင်ငံနှင့်လူမျိုးအတွက် အရေးကြီးသောလုပ်ငန်းဖြစ်သည်။ ကျောင်းသည် ကျောင်းသားလူငယ်တို့၏ ကာယသုခ၊ စိတ္တသုခ၊ လူမှုသုခ တည်းဟူသော ပကတိကျန်းမာရေး၏ အချက်ကြီးသုံးချက်ကို ဖြည့်ဆည်းပေးသည့် နေရာဖြစ်သည့်အလျောက် အနာဂတ်နိုင်ငံတော်တွင် အားကိုးရမည့် ကျောင်းသားလူငယ်လေးများ ကျန်းမာကြံ့ခိုင်ရေးအတွက် ကျောင်းကျန်းမာရေးလုပ်ငန်းများကို ဆရာ၊ မိဘ ပူးပေါင်းကာ တက်ညီလက်ညီ ဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သိပ္ပံနည်းကျပျိုးထောင်စိုက်ပျိုးနည်း ဂန့်ဂေါ၌ သရုပ်ပြ

ဂန့်ဂေါ ဩဂုတ် ၁၁

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ် တောင်ခရမ်း ဆည်ရေသောက်ဧရိယာဖြစ်သည့် ရွှေဘိုကျေးရွာ ကွင်းအမှတ်(၂၈) တောင်သူသုံးဦးတို့၏ မိုးစပါးစိုက်ပျိုးမြေ ၁၀ ဧကၥ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဖြန့်ဖြူးသော မနောသုခစပါးမျိုးကို တစ်ဧကတင်း ၁၀၀ နှုန်းအထက် ထွက်ရှိရေး သိပ္ပံနည်းကျပေါင်းစနစ်ဖြင့် ပျိုးထောင်စိုက်ပျိုးခြင်း သရုပ်ပြပွဲကို ဇူလိုင် ၂၃ ရက်က ကျင်းပသည်။

(အပေါ်ပုံ)

လက်တွေ့သရုပ်ပြ

အဆိုပါသရုပ်ပြပွဲသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်လှိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမြင့်ဆွေ၊ စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှဝန်ထမ်းများ၊ ဒေသခံတောင်သူများတက်ရောက်ကြပြီး မြို့နယ်စိုက်ပျိုးရေး မန်နေဂျာ ဒေါ်ခင်မာအေးက ပေါင်စနစ်ဖြင့် ပျိုးထောင်စိုက်ပျိုးမှုကို လက်တွေ့သရုပ်ပြရှင်းလင်းခဲ့ကြောင်း သိရှိရသည်။ **(၁၀၁)**

ပညာရည်ချွန်ဆုပေးပွဲ သံဖြူဇရပ်၌ကျင်းပ

သံဖြူဇရပ် ဩဂုတ် ၁၁

၂၀၁၀-၂၀၁၁ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင် ကျောင်းသားကျောင်းသူများအား ပညာရည်ချွန်ဆုပေးပွဲကို သံဖြူဇရပ်မြို့နယ် ဆင်တောင်ကျေးရွာအုပ်စု ကဒတ်ရွာ အမက(မူလွန်)ကျောင်းတွင် ဩဂုတ် ၇ရက် နံနက်က ကျင်းပရာ အခမ်းအနားတွင် သံဖြူဇရပ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲကျော်ခိုင်၊ လက်ထောက်မြို့နယ်ပညာရေးမှူး ဦးသိန်းထွန်းနှင့် ဆင်တောင် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးခင်သိန်းတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူငါးဦးအား ဂုဏ်ပြုဆုကို မြို့နယ်အုပ်ချုပ်ရေးမှူး **(အပေါ်ပုံ)**၊ လက်ထောက်မြို့နယ်ပညာရေးမှူး၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ထားတင်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့က ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျိုက်မရောမြို့နယ်အသင်း စုပေါင်းလှူဒါန်းပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၁

ကျိုက်မရော မြို့နယ်အသင်း (ရန်ကုန်)၏ နဝမအကြိမ်မြောက် စုပေါင်းလှူဒါန်းပွဲကို ဇူလိုင် ၂၃ ရက်က ရန်ကုန်မြို့ ဗိုလ်တထောင်စေတီဝင်းအတွင်းရှိ မွန် ပရိယတ္တိစာသင်တိုက်၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးရဲမြင့်က စုပေါင်းလှူဒါန်းပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီးနောက် အသင်းသူ အသင်းသားများက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

ငွေဆောင်မြို့တွင် မိုးရာသီသွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအတွက် ဩဂုတ် ၃ ရက်က မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ စာသင်ကျောင်းများတွင် အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းကို မြို့နယ်တာဝန်ခံ ဦးဝင်းထွဋ်လွင်နှင့် မြို့နယ်ဆရာဝန်ကြီး ဦးတင်ဝင်းအောင်တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (ကျန်းမာရေး)

သာစည်မြို့နယ်၌ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

သာစည် ဩဂုတ် ၁၁

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် အုတ်ကျင်းကျေးရွာတွင် ဇူလိုင် ၃၀ ရက် နံနက် ၈ နာရီက ကျေးလက်ဖွံ့ဖြိုးရေးဘက်စုံသုံး တစ်ရွာတစ်ဧက သစ်ပင်စိုက်ပျိုးပွဲ ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲကို အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဦးမောင်ရွှေ၊ မိတ္ထီလာခရိုင် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မြ၊ သာစည်မြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနဦးစီးအရာရှိ ဦးဇော်ဝင်းအောင်၊ မိတ္ထီလာခရိုင်အုပ်ချုပ်ရေးမှူး၊ သာစည်မြို့နယ်အုပ်ချုပ်ရေးမှူး၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ကျေးရွာသူ ကျေးရွာသားများ တက်ရောက်ကြပြီး ယူကလစ်ပင် ၅၄၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ပုံ)** **(မြို့နယ် စိမ်း/ စို)**

မြဝတီရုပ်မြင်သံကြား

၁၂-၈-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၃	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၇:၀၅	၃။	နိုင်ငံတော်သီချင်း
၇:၁၀	၄။	တရားတော်
၇:၁၅	၅။	ဓမ္မပူဇာတေး
၇:၂၀	၆။	မျိုးချစ်တပ်မတော်
၇:၂၅	၇။	မြန်မာ့ရှုခင်း
၇:၃၀	၈။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၁၀။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၂။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၁	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၄:၀၂	၃။	နိုင်ငံတော်သီချင်း
၄:၀၃	၄။	အဖွင့်သီချင်း
၄:၀၅	၅။	မျိုးချစ်တပ်မတော်
၄:၁၀	၆။	မဟာဂီတချိုကြည်မြ
၄:၂၀	၇။	မြန်မာစာ မြန်မာစကား (အပိုင်း-၉)
၄:၃၀	၈။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၄၀	၉။	ပညာပေးဇာတ်လမ်းတို
၄:၅၀	၁၀။	ရင်ခုန်စီးဆင်း အချစ်သီချင်း
၄:၅၅	၁၁။	အိုင်စီတီသုတ
၅:၁၀	၁၂။	သာယာသီကြွေးခေတ်ဆန်းတေး
၅:၃၀	၁၃။	သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ ရေအောက်ကမ္ဘာက သက်ရှိသတ္တဝါများ (အပိုင်း-၂၃)
၆:၀၀	၁၄။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၅။	အမျိုးသားရေးတေးကဗျာ
၆:၃၀	၁၆။	**ရွှာ** ဟာသဇာတ်လမ်းတွဲ **မေတ္တာခြံ လုံ့ပါမေ့** ပေါ်လေး၊ ငွေမိုး၊ ရွှေအိုးနှင့် သရုပ်ဆောင်များ
၆:၄၅	၁၇။	စောင့်မျှော်ရူစား ကြိုးဝိုင်းစကား
၇:၀၀	၁၈။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဘဝရဲ့တမ်းတခြင်း** (အပိုင်း-၁၄)
၈:၀၀	၁၉။	မြဝတီရုပ်မြင်သံကြားသတင်း
	၂၀။	အမျိုးသားရေးတေးကဗျာ
	၂၁။	ဒို့တာဝန်အရေး(၃)ပါး
	၂၂။	နိုင်ငံတကာသတင်း
	၂၃။	မိုးလေဝသသတင်း
	၂၄။	ယနေ့ရန်ကုန်မြင်ကွင်းစုံ
	၂၅။	စိုက်ပျိုးသုတ
	၂၆။	သံစဉ်များနှင့်ကမ္ဘာ
	၂၇။	မြဝတီရုပ်မြင်သံကြားမဂ္ဂဇင်းကဏ္ဍ
	၂၈။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၉။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပေါင်မုန့်အချစ်အိပ်မက်လေးရယ်** (အပိုင်း -၂၉)
	၃၀။	ကမ္ဘာတစ်ခွင်ခရီးစဉ်

❖ ရှေ့ဖုံးမှ

ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်နှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းတို့က လွှတ်တော်ကိုယ်စားလှယ်များအား သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်မန်နေဂျင်းဒါရိုက်တာ ဗိုလ်မှူးချုပ်ဇာနည်ဝင်းက သယ်ယူပို့ဆောင်ရေး၊ မော်တော်ယာဉ်များ သုံးစွဲရေးလုပ်ငန်း စီမံဆောင်ရွက်ထားရှိမှုအခြေအနေများကိုလည်းကောင်း၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက လွှတ်တော်အစည်းအဝေးကာလအတွင်း လျှပ်စစ်ဓာတ်အားပေးလုပ်ငန်းများ စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို လည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြသည်။

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

တင်ပြဆွေးနွေး

ထို့နောက် လွှတ်တော်ဒုတိယ ပုံမှန်အစည်းအဝေးများသို့ သတင်းရယူလိုသော ပြည်တွင်းရှိ နိုင်ငံခြားသတင်းဌာနများမှ သတင်းထောက်များ၊ ပြည်တွင်းရှိ စာနယ်ဇင်းများမှ သတင်းထောက်များ တက်ရောက်ရေးကိစ္စကို သက်ဆိုင်ရာလုပ်ငန်းကော်မတီများက တင်ပြဆွေးနွေးကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကားပြောကြားပြီး ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

၂၀၁၁ ခုနှစ် ဩဂုတ် ၉ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ကော်မတီ အဆောင် အမှတ် (I-1)၌ ပြည်သူ့လွှတ်တော်ကော်မတီ(၄)ရပ်မှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

တက်ရောက်

ထိုသို့ တွေ့ဆုံရာသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော်အခွင့်အရေးကော်မတီနှင့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီတို့မှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် အဖွဲ့ဝင်များ၊ လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

မြန်မာနိုင်ငံပြန်တမ်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးမြင့်ကြိုင်အား လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့် နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကပြည်သူ့လွှတ်တော်ကော်မတီများမှ ကော်မတီဝင်များ၏ အရည်အသွေးမြင့်မားရေး၊ မကြာမီကျင်းပမည့်ပထမအကြိမ် ပြည်သူ့လွှတ်တော်ဒုတိယ ပုံမှန်အစည်းအဝေးတွင် ကော်မတီအလိုက် ဆောင်ရွက်ရမည့် တာဝန်များကို ကျေပွန်စွာထမ်းဆောင်ရေးတို့နှင့် စပ်လျဉ်း၍ အသေးစိတ်ဆွေးနွေးမှာကြားသည်။

ပြန်လည်ရှင်းလင်း

ထို့နောက် လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက လွှတ်တော် အစည်းအဝေးများတွင် မေးခွန်းများ မေးမြန်းခြင်း၊ အဆိုများ တင်သွင်းခြင်း၊ ဥပဒေကြမ်းများ တင်သွင်းခြင်းတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသူများ၏ ဆွေးနွေးမေးမြန်းချက်များကို ပြန်လည်ရှင်းလင်း ဖြေကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်း ပြောကြားပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သာယာဝတီခရိုင် သာယာဝတီမြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဒေါ်ချိုချိုတင့်နှင့်ဝန်ထမ်းများ ဈေးပိုင်းရပ်ကွက် ပြည်လမ်းတွင် ဩဂုတ် ၁၀ ရက်က လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် အသိပညာပေး မြေစိုက်ပိုစတာစိုက်ထူခြင်း ဆောင်ရွက်ကြစဉ်။ (ခရိုင် ပြန်/ဆက်)



မြန်မာနိုင်ငံတောင်ပိုင်းဒေသများ၌ မိုးဆက်လက်ပိုနေမည်

နေပြည်တော် ဩဂုတ် ၁၁

စဉ်	တိုင်းဒေသကြီးနှင့်ပြည်နယ်	အပူချိန်(စင်တီဂရိတ်)		မနက်ဖြန်အတွက်	
		အမြင့်ဆုံး	အနိမ့်ဆုံး	ခန့်မှန်းချက်	ရွာရန်ရာနှုန်း
၁	ကချင်ပြည်နယ်	၃၂	၂၅	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၁၀၀%
၂	ကယားပြည်နယ်	၃၀	၂၁	နေရာကျဲကျဲမိုးထစ်ချုန်းရွာမည်	၁၀၀%
၃	ကရင်ပြည်နယ်	၂၇	၂၃	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးမည်	၁၀၀%
၄	ချင်းပြည်နယ်	၂၀	၁၀	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၁၀၀%
၅	စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)	၂၇	၂၂	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၁၀၀%
၆	စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)	၃၅	၂၅	နေရာကျဲကျဲမိုးထစ်ချုန်းရွာမည်	၁၀၀%
၇	တနင်္သာရီတိုင်းဒေသကြီး	၂၈	၂၂	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးမည်	၁၀၀%
၈	ပဲခူးတိုင်းဒေသကြီး	၂၈	၂၂	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးမည်	၁၀၀%
၉	မကွေးတိုင်းဒေသကြီး	၃၀	၂၅	နေရာကျဲကျဲမိုးထစ်ချုန်းရွာမည်	၁၀၀%
၁၀	မန္တလေးတိုင်းဒေသကြီး	၃၄	၂၆	နေရာကျဲကျဲမိုးထစ်ချုန်းရွာမည်	၁၀၀%
၁၁	မွန်ပြည်နယ်	၂၈	၂၃	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးမည်	၁၀၀%
၁၂	ရန်ကုန်တိုင်းဒေသကြီး	၃၀	၂၃	နေရာအနှံ့အပြားမိုးထစ်ချုန်း ရွာမည်	၁၀၀%
၁၃	ရခိုင်ပြည်နယ်	၂၆	၂၂	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးမည်	၁၀၀%
၁၄	ရှမ်းပြည်နယ်(တောင်ပိုင်း)	၂၄	၁၉	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၁၀၀%
၁၅	ရှမ်းပြည်နယ်(မြောက်ပိုင်း)	၃၁	၂၂	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၁၀၀%
၁၆	ရှမ်းပြည်နယ်(အရှေ့ပိုင်း)	၃၄	၂၂	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၁၀၀%
၁၇	ဧရာဝတီတိုင်းဒေသကြီး	၃၂	၂၆	နေရာအနှံ့အပြားမိုးထစ်ချုန်း ရွာမည်	၁၀၀%
၁၈	နေပြည်တော်နှင့် အနီးတစ်ဝိုက်	၃၂	၂၄	နေရာကွက်ကျားမိုးထစ်ချုန်း ရွာမည်	၁၀၀%
၁၉	ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်	၃၀	၂၃	မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်း ရွာမည်	၁၀၀%
၂၀	မန္တလေးမြို့နှင့် အနီးတစ်ဝိုက်	၃၄	၂၆	နေရာကွက်ကျားမိုးထစ်ချုန်း ရွာမည်	၈၀%

ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသ တိုင်းထွာချက် အကျဉ်းချုပ်	လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး မကွေးတိုင်းဒေသကြီးတွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာခဲ့ကာ တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။
ဘင်္ဂလားပင်လယ်အော်အခြေအနေ	ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။
မြန်မာ့ပင်လယ်ပြင်အခြေအနေ	မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။
နောက်နှစ်ရက်အတွက်ခန့်မှန်းချက်	မြန်မာနိုင်ငံတောင်ပိုင်းဒေသများ၌ မိုးဆက်လက်ပိုနေမည်။

ဥတုရာသီ တောကိုဖွီ၏

မြန်မာ့ရုပ်မြင်သံကြား

၁၂-၈-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ အင်္ဂဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
- ၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈:၀၀ ၆။ သက်ရှည်ကျန်းမာ လေ့ကျင့်ပါ
- ၈:၁၀ ၇။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၈:၂၀ ၈။ မြေကမ္ဘာမှတ်တမ်း
- ၈:၃၅ ၉။ အကပြိုင်ပွဲ
- ၈:၄၀ ၁၀။ International News
- ၈:၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ တေးဂီတအစီအစဉ်
- ၄:၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၄:၃၀ ၄။ မြန်မာစာ၊ မြန်မာစကား
- ၄:၄၅ ၅။ အဆိုပြိုင်ပွဲ
- ၄:၅၀ ၆။ **အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ-တတိယနှစ်** (ရူပဗေဒအထူးပြု) (ရူပဗေဒ)
- ၅:၀၅ ၇။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅:၁၀ ၈။ **ကိုစိန်နဲ့ကိုယ်ဝန်ဆောင်မိခင်**
- ၅:၂၀ ၉။ နှောင်းခေတ်တေးပဒေသာ
- ၅:၃၀ ၁၀။ ရိုးသားဖြူစင် ကလေးတို့အသွင်
- ၆:၀၀ ၁၁။ ညနေခင်းသတင်း
- ၆:၁၅ ၁၂။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၃။ ရသစုံလင်အင်တာနက်ဥယျာဉ်
- ၇:၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကြံ့ကြံ့ဖန်ဖန်အမွေဆိုင်** (အပိုင်း-၁၈)
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ လျှပ်တစ်ပြက်ဟာသများ
- ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **နှောင်ကြိုး**(အပိုင်း-၂၂)
- ၂၀။ **သီချင်းချစ်သူ(ခိုင်ထူး)**
- ၂၁။ အစီအစဉ်ပြီး၏။

ချင်းတွင်း၊ စစ်တောင်း၊ ရွှေကျင်၊ ငဝန်နှင့်သံလွင်မြစ်ရေအခြေအနေ

နေပြည်တော် ဩဂုတ် ၁၁

ချင်းတွင်းမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ မော်လိုက်မြို့တွင် ၁၂၇၆ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၄၆ စင်တီမီတာ (၁ ဒသမ ၅ ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၂၃၀ စင်တီမီတာအောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ယနေ့တိုင်းထွာချက်အရ ကလေးဝမြို့တွင် ၁၆၆၇ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၁၁၇ စင်တီမီတာ (၃ ဒသမ ၈ ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၇၂နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၅၅၀ စင်တီမီတာ အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

စစ်တောင်းမြစ်ရေသည် ယနေ့တိုင်းထွာချက်အရ မဒေါက်မြို့တွင် ၁၁၉၅ စင်တီမီတာသို့ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၁၂၅ စင်တီမီတာ (၄ ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၇၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၀၇၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ရွှေကျင်မြစ်ရေသည် ယနေ့တိုင်းထွာချက်အရ ရွှေကျင်မြို့တွင် ၇၂၇ စင်တီမီတာသို့ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၂၇ စင်တီမီတာ (၁ ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၇၀၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ငဝန်မြစ်ရေသည် ယနေ့တိုင်းထွာချက်အရ ငါးသိုင်းချောင်းမြို့တွင် ၁၁၅၈ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၂၈ စင်တီမီတာ (၁ ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၇၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၁၃၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

သံလွင်မြစ်ရေသည် ယနေ့ တိုင်းထွာချက်အရ ဘားအံမြို့တွင် ၈၁၆ စင်တီမီတာသို့ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၆၆ စင်တီမီတာ (၂ ဒသမ ၂ ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၇၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၇၅၀ စင်တီမီတာ အထက်တွင် ဆက်လက် တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

နေပြိုဟ်၌ ကြီးမားသည့်ပေါက်ကွဲမှုများဖြစ်ပွား နေမုန်တိုင်းများ ကမ္ဘာသို့ ကျရောက်နိုင်



နယူးယောက် ဩဂုတ် ၁၁

ပြီးခဲ့သည့်ရက်အနည်းငယ်က နေဂြိုဟ်၌ ကြီးမားသောပေါက်ကွဲမှုသုံးကြိမ်ဖြစ်ပွားခဲ့သဖြင့် **(ယာပုံ)**နေမုန်တိုင်းများ လာမည့်ရက်များတွင် ကမ္ဘာသို့ကျရောက်နိုင်ရာ ဂြိုဟ်တုသုံးစွဲသူများ၊ ဆက်သွယ်ရေးစနစ်အသုံးပြုသူများနှင့် အီလက်ထရွန်နစ်ပစ္စည်းအစိတ်အပိုင်း အသုံးပြုသူများအား ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားကြရန် အမေရိကန်သိပ္ပံပညာရှင်များက ဩဂုတ် ၁၀ ရက်၌ သတိပေးထားသည်။

"နေမုန်တိုင်းတွေဟာ မကြာမီကာလမှာ သေချာပေါက်ဖြစ်ပေါ်လာမှာဖြစ်ပြီး လက်ရှိကမ္ဘာမြေမှာတိုက်ခတ်နေတဲ့ အင်အားပြင်းထန်တဲ့မုန်တိုင်းတွေရဲ့ တိုက်ခတ်နှုန်းအတိုင်း တိုက်ခတ်နိုင်ပါတယ်"ဟု အမေရိကန် အမျိုးသားသမုဒ္ဒရာနှင့် လေထုဆိုင်ရာအဖွဲ့မှ အာကာသသိပ္ပံပညာရှင်တစ်ဦးဖြစ်သူ ဂျို့ကန်ချက်စ်က ပြောကြားသည်။

နေမုန်တိုင်းများသည် ယခုသီတင်းပတ်များအတွင်း ဖြစ်ပေါ်နိုင်သည်ဖြစ်ရာ ကမ္ဘာ့ဆက်သွယ်ရေးစနစ်များနှင့် ကမ္ဘာကြီး၏ တည်နေရာအနေအထားကို ထိခိုက်နိုင်ဖွယ်ရှိကြောင်း၊ အမေရိကန်နိုင်ငံ ဝစ္စကွန်ဆင်ပြည်နယ်နှင့် မင်နီဆိုးတားပြည်နယ်တောင်ဘက်စွန်းနေရာများတွင် ရောင်စုံအလင်းတန်းများ ထွက်ပေါ်ဖွယ်ရှိကြောင်း ၄င်းက ဆက်လက်ပြောကြားသည်။

အဆိုပါရောင်စုံအလင်းတန်းများမှာ ကမ္ဘာ့လေထုလွှာအမြင့်ဆုံး၌ ဖြစ်ပေါ်နေသော အဏုမြူအက်တမ်များ အချင်းချင်းတိုက်မိပေါက်ကွဲမှုကြောင့် ဖြစ်ပေါ်ရခြင်းဖြစ်ပြီး အာတိတ်နှင့် အန္တာတိကတို့၏ဝေဟင်တွင် အဆိုပါရောင်စုံအလင်းတန်းများ ထွက်ပေါ်မည်ဖြစ်သည်။ ၁၉၈၉ ခုနှစ်က နေမုန်တိုင်းကျရောက်မှုကြောင့် ကနေဒါနိုင်ငံ ကွီဘက်မြို့တွင် လျှပ်စစ်ဓာတ်အားပေးစနစ်များပျက်စီးပြီး ပြည်သူခြောက်သန်းခန့် ဓာတ်အားပြတ်တောက်မှုနှင့် ကြုံတွေ့ခဲ့ရသည်။ အကြီးမားဆုံးနေမုန်တိုင်းတိုက်ခတ်မှုမှာ ၁၈၅၉ ခုနှစ်တွင်ဖြစ်ပေါ်ခဲ့ပြီး ကမ္ဘာတစ်ဝန်း ဆက်သွယ်ရေးစနစ်များ ထိခိုက်ခဲ့ရသည်။ **(အင်တာနက်)**

အစ္စရေးသဘာဝဓာတ်ငွေ့လုပ်ကွက်များပေါ်တွင် မောင်းသူမဲ့လေယာဉ်များ ဖြန့်ကြက်ချထားမည်



ဂျေရုဆလင် ဩဂုတ် ၁၁

အစ္စရေးနိုင်ငံက ၄င်း၏ နိုင်ငံမြောက်ပိုင်း ကမ်းရိုးတန်းရှိ သဘာဝဓာတ်ငွေ့လုပ်ကွက်များပေါ်တွင် ဟားမတ်စ်နှင့် လက်ဘနွန်တို့ဘက်မှ တိုက်ခိုက်လာမည့် ဘေးအန္တရာယ်ကို ကာကွယ်ရန်အတွက် မောင်းသူမဲ့ စောင့်ကြည့်လေ့လာရေးလေယာဉ်များ ဖြန့်ကြက်ချထားမည်ဖြစ်ကြောင်း ဩဂုတ် ၁၀ ရက်က ဂျေရုဆလင်ပို့စ်သတင်းစာတွင် ဖော်ပြသည်။ **(ဝဲပုံ)**

ပြုလုပ်လျက်ရှိ

မြေထဲပင်လယ် အစိတ်အပိုင်းတွင်တည်ရှိသော အဆိုပါသဘာဝဓာတ်ငွေ့လုပ်ကွက်များသည် အစ္စရေးနိုင်ငံက ဓာတ်ငွေ့များ ရှာဖွေထုတ်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ သို့သော် ထိုဓာတ်ငွေ့လုပ်ကွက်များသည် အငြင်းပွားလျက်ရှိသော ရေပိုင်နက်အတွင်းရှိကြောင်း လက်ဘနွန်တို့က ပြောကြားသည်။

အစ္စရေးတို့တွင် ကမ်းလွန်သဘာဝဓာတ်ငွေ့လုပ်ကွက်ကြီး နှစ်ခုရှိရာ ယင်းလုပ်ကွက်များကို တာမာနှင့် လီဗီယာသန်းဟုအမည်ပေးပြီး အစ္စရေးမြောက်ပိုင်း ဟိုင်ဖာမြို့မြောက်ဘက်၌ တည်ရှိသည်။ တာမာလုပ်ကွက်သည် ဓာတ်ငွေ့ကုဗပေ ၈ ဒသမ ၄ ထရီလီယံနှင့် လီဗီယာသန်းလုပ်ကွက်မှာ ဓာတ်ငွေ့ကုဗပေ ၁၆ သန်း ထွက်ရှိနိုင်သည်ဟု အစ္စရေးတို့က ယုံကြည်ထားသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းအတိုအထွာ

ကောင်းမြတ်သူ– စုစည်းသည်

ဆူနာမီဖြစ်နိုင်ခြေအများဆုံးနိုင်ငံ အင်ဒိုနီးရှားနိုင်ငံဖြစ်လာ

ဂျကာတာ ဩဂုတ် ၁၁

အင်ဒိုနီးရှားနိုင်ငံသည် ကမ္ဘာ့နိုင်ငံများအနက် ဆူနာမီသဘာဝဘေးအန္တရာယ်ဖြစ်နိုင်ခြေအများဆုံးနိုင်ငံ ဖြစ်လာကြောင်း အမျိုးသားသဘာဝဘေးလျော့ပါးရေးအေဂျင်စီက ဂျကာတာမြို့၌ ဩဂုတ် ၁၀ ရက်တွင် ပြောကြားသည်။

"အင်ဒိုနီးရှားနိုင်ငံဟာ ဆူနာမီဖြစ်နိုင်တဲ့ နိုင်ငံတွေထဲမှာ နံပါတ်တစ်နေရာမှာ ရှိပါတယ်၊ ဒါဟာ နိုင်ငံပေါင်း ၂၆၅ နိုင်ငံရဲ့ ဆူနာမီဆိုင်ရာအခြေခံအကြောင်းတရားတွေအပေါ်မှာ ပညာရှင်တွေက တွက်ချက်ထားတာပါ" ဟု အင်ဒိုနီးရှားသဘာဝဘေးအန္တရာယ်လျော့ပါးရေးအေဂျင်စီအကြီးအကဲ နုဂရိုဟိုး၏ ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ပါကစ္စတန်၌ ဗုံးနှစ်လုံးပေါက်ကွဲ၊ ရှစ်ဦးသေဆုံး

ပက်ရှ်ဝါ ဩဂုတ် ၁၁

ပါကစ္စတန်အနောက်မြောက်ပိုင်း ပက်ရှ်ဝါမြို့၌ ဩဂုတ် ၁၁ ရက်က ဗုံးနှစ်လုံးပေါက်ကွဲခဲ့ရာ အနည်းဆုံး လူရှစ်ဦးသေဆုံးပြီး ၃၇ ဦး ဒဏ်ရာရခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ပထမဆုံးပေါက်ကွဲမှုမှာ လာဟိုရီဂိတ်ရှိ ရဲကားတစ်စီးအနီး အဝေးထိန်းခလုတ်အသုံးပြုပြီး ဗုံးခွဲခဲ့ရာ ရဲအရာရှိငါးဦးနှင့် ကလေးတစ်ဦးသေဆုံးပြီး ၁၇ ဦးဒဏ်ရာရခဲ့သည်။ ဒုတိယဗုံးပေါက်ကွဲမှုမှာ အမျိုးသမီးတစ်ဦးက ပထမဗုံးကွဲသည့်နေရာမှ မီတာ ၄၀၀ အကွာရှိ ရဲစခန်းကို ပစ်မှတ်ထားလျက် အသေခံဗုံးခွဲခဲ့ရာ နှစ်ဦးသေဆုံးပြီး ၂၀ ဒဏ်ရာရခဲ့သည်။ ***အမ်အင်န်အေ၊ဆင်ဟွာ***

ငလျင်ဒဏ်ခံရသည့် ခရစ်ချတ်ချ်မြို့ အိမ်နိမ့်များပြန်ဆောက်

ခရစ်ချတ်ချ် ဩဂုတ် ၁၁

ငလျင်ဒဏ်အပြင်းအထန်ခံခဲ့ရသည့် ခရစ်ချတ်ချ်မြို့လယ်တွင် ငလျင်ဒဏ်ခံနိုင်သည့် အထပ်နိမ့်အိမ်များတည်ဆောက်သွားရန် စီစဉ်ထားကြောင်း ခရစ်ချတ်ချ်မြို့တော်ကောင်စီက ဩဂုတ် ၁၁ ရက်၌ ကြေညာသည်။ ယင်းမြို့တွင် ပြီးခဲ့သည့် ဖေဖော်ဝါရီလက ရစ်ချ်တာစကေး ၆ ဒသမ ၃ ရှိ ငလျင်လှုပ်ခဲ့ရာ လူပေါင်း ၁၈၁ ဦး သေဆုံးခဲ့ရသည်။ နယူးဇီလန်ဒေါ်လာ နှစ်ဘီလီယံ(အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံ)အကုန်ကျခံပြီး အနှစ် ၂၀ အတွင်း အပြီးတည်ဆောက်သွားမည်ဟု ဆိုသည်။ *(အင်တာနက်)*

ဘာလီဗုံးခွဲမှု ကြိုးကိုင်သူ အင်ဒိုနီးရှားသို့ပြန်ပို့

အစ္စလမ္မာဘတ် ဩဂုတ် ၁၁

၂၀၀၂ ဘာလီဗုံးခွဲတိုက်ခိုက်မှုတွင် ကြိုးကိုင်သူဟု စွပ်စွဲခံထားရသူတစ်ဦးအား ပါကစ္စတန်နိုင်ငံက အင်ဒိုနီးရှားနိုင်ငံသို့ ဩဂုတ် ၁၁ ရက်တွင် ပြန်ပို့လိုက်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ "ဘာလီအကြမ်းဖက်တိုက်ခိုက်ရေးခေါင်းဆောင်ဟု သံသယရှိသူ အူမာပါတက်ခ်ဟာ ပါကစ္စတန်နိုင်ငံက မနေ့ညကပဲ ပြန်ပို့လိုက်ပါတယ်" ဟု အင်ဒိုနီးရှား အကြမ်းဖက်နှိမ်နင်းရေးအေဂျင်စီ အကြီးအကဲ အန်ဆာရက်အမ်ဘိုင်းက ပြောကြားလိုက်သည်။ ***အမ်အင်န်အေ၊ဆင်ဟွာ***

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် – ရေးသားသည်

အလာစကာပြည်နယ်ရှိ ကလီဗီလန်မီးတောင် လှုပ်ရှားနေ

လော့စ်အိန်ဂျလိစ် ဩဂုတ် ၁၁

အမေရိကန်နိုင်ငံ အလာစကာပြည်နယ်ရှိ ကလီဗီလန်မီးတောင်သည် ဩဂုတ် ၁၀ ရက်မှ စတင်ကာ လှုပ်ရှားလျက်ရှိကြောင်း ဂြိုဟ်တုမှပေးပို့သော သတင်းဓာတ်ပုံအချက်အလက်များအရ အမေရိကန်အရာရှိများက ဩဂုတ် ၁၁ ရက်၌ ပြောကြားသည်။

ကလီဗီလန်မီးတောင်ထိပ်ဝမှ မီးခိုးများအနည်းငယ်ထွက်ရှိနေသော်လည်း လေယာဉ်ပျံသန်းမှုကို ထိခိုက်စေနိုင်သည့်အခြေအနေမျိုး မရောက်ရှိသေးကြောင်း၊ မီးတောင်လှုပ်ရှားမှုမှာလည်း ဖြည်းညင်းစွာ လှုပ်နေခြင်းဖြစ်ကြောင်း ၄င်းတို့က ဆက်လက်ပြောကြားသည်။ **(အောက်ပုံ)**

လှုပ်ရှားလာဖွယ်ရှိ

မီးတောင်လှုပ်ရှားမှုအခြေအနေအရ အန္တရာယ်သတိပေးမှုကို လိမ္မော်ရောင်အဆင့် သတ်မှတ်ထားပြီး စောင့်ကြည့်လျက်ရှိကြောင်း၊ လာမည့် ရက်အနည်းငယ်တွင် ပိုမိုလှုပ်ရှားလာဖွယ်ရှိကြောင်း ၄င်းတို့က ပြောကြားသည်။

ကလီဗီလန်မီးတောင်သည် ပြီးခဲ့သည့်နွေရာသီကလည်း လှုပ်ရှားမှုဖြစ်ပေါ်ခဲ့ကာ မီးခိုးများထွက်ရှိခဲ့သည်။ သို့သော် ပေါက်ကွဲမှုမဖြစ်ပွားခဲ့ကြောင်း သတင်း၌ ဖော်ပြသည်။ **(အင်တာနက်)**



အင်္ဂါဂြိုဟ်လေ့လာရေးယာဉ် အင်ဒဲဗားချိုင့်ကြီးကို စတင်လေ့လာ

ဝါရှင်တန် ဩဂုတ် ၁၁

နာဆာမှ လွှတ်တင်ထားသော အင်္ဂါဂြိုဟ်မျက်နှာပြင် လေ့လာရေးယာဉ် အော်ပို့ကျူနီတီသည် အင်္ဂါဂြိုဟ်မျက်နှာပြင်ရှိ အင်ဒဲဗားချိုင့်ကြီးအနီးသို့ ရောက်ရှိကာ အဆိုပါချိုင့်ကြီးကို စတင်လေ့လာနေပြီဖြစ်ကြောင်း နာဆာမှ ဩဂုတ် ၁၁ ရက်၌ သတင်းထုတ်ပြန်သည်။ **(ဝဲပုံ)**

မျှော်လင့်ထား

အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်တွင် အော်ပို့ကျူနီတီယာဉ်သည် ကျောက်တုံးများနှင့် ဂြိုဟ်မျက်နှာပြင်အနေအထားများကို ခုနစ်နှစ်ကြာ လေ့လာမှုများပြုလုပ်သွားမည်ဖြစ်ပြီး ထူးခြားမှုများတွေ့ရှိမည်ဟု နာဆာသိပ္ပံပညာရှင်များက မျှော်လင့်ထားသည်။

အော်ပို့ကျူနီတီယာဉ်သည် ၂၂ ကီလိုမီတာ အကျယ်အဝန်းရှိသော အင်ဒဲဗားချိုင့်ကြီးနှင့်ပတ်သက်ပြီး လာမည့်နှစ်အနည်းငယ်ကြာအောင် အသေးစိတ် လေ့လာသုတေသနပြုသွားမည်ဖြစ်သည်။ နာဆာအနေဖြင့် အင်္ဂါဂြိုဟ်ပေါ်တွင် လွန်ခဲ့သည့် နှစ်ပေါင်းများစွာက ပေါက်ကွဲမှုများ ဖြစ်ပွားရာမှ ဖြစ်ပေါ်ခဲ့သည့် အဆိုပါ အင်ဒဲဗားချိုင့်ကြီးနှင့် ဆက်စပ်သော အထောက်အထားများကို ရှာဖွေတွေ့ရှိအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ နာဆာက အင်္ဂါဂြိုဟ်လေ့လာရေးယာဉ် အော်ပို့ကျူနီတီကို ၂၀၀၃ ခုနှစ်က လွှတ်တင်ထားခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

စင်ကာပူ၌ ရုံးအဆောက်အအုံ မီးလောင်မှုဖြစ်ပွား

စင်ကာပူ ဩဂုတ် ၁၁

စင်ကာပူနိုင်ငံ စီးပွားရေးအချက်အချာကျသော ရှိဘင်ဆန်လမ်းမပေါ်ရှိ ရုံးအဆောက်အအုံတစ်ခုတွင် ဩဂုတ် ၁၀ ရက်က မီးလောင်မှုဖြစ်ပွားရာ တစ်ဦးသေဆုံးခဲ့ကြောင်း စင်ကာပူမြို့ပြကာကွယ်ရေးတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။ **(အောက်ပုံ)**

မီးလောင်မှုဖြစ်ပွားသည့်ရုံးမှာ အက်ဖရိအာရှအဆောက်အအုံရှိ ဥပဒေအကျိုးဆောင်လုပ်ငန်းရုံး၌ဖြစ်ပြီး ဩဂုတ် ၁၀ ရက် နံနက် ၁၀ နာရီ၌ မီးစတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။ မီးလောင်မှုဖြစ်ပွားသည်နှင့် အချက်ပေးသံမြည်ချိန်တွင် အဆိုပါရုံးအဆောက်အအုံ၏ ခြောက်ထပ်ရှိ မီးလောင်မှုဖြစ်ပွားရာ ရုံးခန်းအတွင်းမှ အရေးပေါ်တံခါးပေါက်သို့ ပြေးလွှားလာသူတစ်ဦးကိုတွေ့ရကြောင်း ယင်းအဆောက်အအုံမှ အလုပ်သမားတစ်ဦးက ပြောကြားသည်။

ငြိမ်းသတ်နိုင်ခဲ့

ထို့နောက် မီးသတ်ယာဉ်များနှင့် ကယ်ဆယ်ရေးအဖွဲ့ယာဉ်များရောက်ရှိလာပြီး မီးငြိမ်းသတ်ခဲ့ရာ မီးစတင်လောင်ပြီးနောက် မိနစ် ၃၀ ခန့်အကြာ၌ မီးငြိမ်းသတ်နိုင်ခဲ့သည်။ ၄င်းအဆောက်အအုံမှာ သက်တမ်းရင့်အဆောက်အအုံဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၁

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးသည် ဩဂုတ် ၆ ရက် နံနက်ပိုင်းက ဝန်းသိုမြို့ မောင်းတော်သံပေါင် ကွန်ကရစ်တံတား ကြံ့ခိုင်မှုနှင့်ရေစီးရေလာကောင်းမွန်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပင်လည်ဘူးမြို့နယ် ပန်းခူးကျေးရွာ ပန်းသဇင်စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရာ တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးစောမြင့်ဦး၊ ပင်လည်ဘူးမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမြင့်နှင့် ကျေးရွာစာကြည့်တိုက်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကျော်သိန်းတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က စာကြည့်တိုက်ဆိုင်းဘုတ်ကိုဖွင့်လှစ်ပေးပြီး စာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်များ ထောက်ပံ့ပေးအပ်ကာ စာကြည့်တိုက်အတွင်း ကြည့်ရှုစစ်ဆေးသည်။

တံတားကြံ့ခိုင်မှု

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် နမ်းမာချောင်းကူးသစ်သားတံတားကြံ့ခိုင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး(**အပေါ်ဝဲပုံ**) ပင်လည်ဘူးမြို့နယ် ပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူနေကြသော လူနာများအား ကြည့်ရှုအားပေးကာ ခွဲစိတ်ခန်းနှင့် ဆေးသိုလှောင်ခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်းသို-ကောလင်း-ပင်လည်ဘူးကားလမ်း မိုင်တိုင်အမှတ်(၄၆/၇)၌ တံတား ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

တက်ရောက်အားပေး

တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဩဂုတ် ၇ ရက် နံနက်ပိုင်းက ကျောက်တန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ်ဆောက်လုပ်နေမှုနှင့် စိန်နှင့်သောင်းမိသားစု ဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူဆောင်ရွက်သည့် ရွှေဘို-မြစ်ကြီးနားလမ်း မိုင်တိုင်အမှတ်(၅၈/၀)မှ (၆၇/၄)အထိ လမ်းတာပေါင် တိုးချဲ့နေမှုကို ကြည့်ရှုစစ်ဆေးပြီး တောင်ပုံကျေးရွာ အခြေခံပညာမူလတန်းကျောင်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

ဆက်လက်၍ တွေ့ဆုံပွဲအခမ်းအနားကိုကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အားကစားပစ္စည်းများ၊ ကျောင်းဝတ်စုံများ၊ သုတ ရသစာအုပ်များ ပေးအပ်ထောက်ပံ့ခဲ့သည်။

ထို့နောက် ရွှေဘို-မြစ်ကြီးနားလမ်း တာပေါင်ချဲ့ထွင်နေမှု၊ ကန့်ဘလူမြို့နယ် ရွှေဘို-မြစ်ကြီးနား မဟာဗျူဟာလမ်းဘေးရှိ အစိုးရနှင့်ပုဂ္ဂလိက စိုက်ပျိုးထားသော ကျွန်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထူးချွန်ကျောင်းသား ကျောင်းသူများအား မူဆယ်၌ ဂုဏ်ပြုပွဲကျင်းပ

မူဆယ် ဩဂုတ် ၁၁

ရှမ်းပြည်နယ် မူဆယ်ခရိုင်၏ ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများ၊ အောင်ချက်အကောင်းဆုံးကျောင်းများနှင့် အောင်ချက်အကောင်းဆုံးမြို့နယ်အား ဂုဏ်ပြုဆု ချီးမြှင့်ခြင်းအခမ်းအနားကို ဩဂုတ် ၇ ရက်က မူဆယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။ အဆိုပါ အခမ်းအနားတွင် မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးဟိန်းက အမှာစကားပြောကြားပြီး မူဆယ်မြို့နယ်ပညာရေးမှူး ဒေါ်ဂျဲနက်နန်ပရီက ဂုဏ်ထူးရရှိသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆု ချီးမြှင့်ရခြင်းအကြောင်းကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ မူဆယ်ခရိုင်အတွင်း ဂုဏ်ထူးဖြင့်ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများ၊ အောင်ချက်အကောင်းဆုံး ကျောင်းများ၊ အောင်ချက်အကောင်းဆုံးမြို့နယ်များအား ခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးဟိန်း (**ဝဲပုံ**)၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နွယ်ဦးမွန်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြဟန်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများချီးမြှင့်ကြကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

ဆွေးနွေးဟောပြော

ဩဂုတ် ၁ရက်က ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် ၆/အနောက်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် လောင်းကစားမှုပပျောက်ရေး ပညာပေးဟောပြောပွဲကျင်းပရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးခင်လှိုင် ဆွေးနွေးဟောပြောစဉ်။

(၀၂၀)

လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ထန်းတပင်၌ ကွင်းဆင်းဆောင်ရွက်

ထန်းတပင် ဩဂုတ် ၁၁

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်အတွင်း လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် ဩဂုတ် ၅ ရက်က ရန်ကုန်မြို့ လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့၊ ထန်းတပင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းအောင်၊ အုပ်စုမှူး ဦးသက်လွင်နှင့် မြို့နယ်တာဝန်ရှိသူများစုပေါင်း၍ ထန်းတပင်မြို့ အမှတ်(၂)ရပ်ကွက် ဦးစံအေးလမ်းရှိ နေအိမ်များ၌ အိမ်တွင်းဝိုင်ယာများသုံးစွဲမှုနှင့် မီးစက်ဖြင့်အသုံးပြုရာ၌ Change over များ စနစ်တကျသုံးစွဲမှုရှိစေရေး၊ ဟောင်းနွမ်းပေါက်ပြဲဆားဗစ်ကြိုးများ အသစ်လဲလှယ်သုံးစွဲရေး ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ **(၀၄၈)**

ကျောင်းဆောင်သစ် ဆောက်လုပ်ရန် အလှူငွေပေးအပ်

စလင်း ဩဂုတ် ၁၁

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကံပြားကျေးရွာ အလယ်တန်းကျောင်း(ခွဲ) ကျောင်းဆောင်သစ် ဆောက်လုပ်ရန် အလှူငွေပေးအပ်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ဩဂုတ် ၆ ရက် နံနက် ၁၀ နာရီက ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှထွန်းက အမှာစကားပြောကြားသည်။ ဆက်လက်၍ အလှူရှင် မဟာမိတ်ကုမ္ပဏီအုပ်ချုပ်မှုဒါရိုက်တာ ဦးမောင်ဝင်းက ကျောင်းဆောင်သစ်ဆောက်လုပ်လှူဒါန်းရခြင်းကို ရှင်းလင်းပြီး ကံပြားကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးစိုးချစ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် မဟာမိတ်ကုမ္ပဏီက လှူဒါန်းသည့် ငွေကျပ် သိန်း ၁၀၀ အား ဒါရိုက်တာ ဒေါ်ခင်လေးမော်က ပေးအပ်လှူဒါန်းရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှထွန်းက လက်ခံယူပြီး(**ဝဲပုံ**) မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှထွန်းက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အုတ်ဖိုမြို့နယ်၌ ကျောင်းဆောင်သစ်များလွှဲပြောင်းပေးအပ်

အုတ်ဖို ဩဂုတ် ၁၁

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် လက်ပတောကျေးရွာအုပ်စု လယ်ဦးစုကျေးရွာ မူလတန်းလွန်ကျောင်းတွင် ကျောင်းဆောင်သစ်များဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၁၆ ရက် နံနက် ၉ နာရီက အဆိုပါကျောင်းဆောင်သစ်၌ကျင်းပရာ မြို့နယ်လက်ထောက်ပညာရေးမှူး ဦးကျော်ဝင်းထွန်းနှင့် အလှူရှင် ဦးသောင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

(ယာပုံ)

လက်ခံယူ

ထို့နောက် အလှူရှင်က ကျောင်းဆောင်သစ်နှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများပေးအပ်ရာ မြို့နယ်လက်ထောက်ပညာရေးမှူးက လက်ခံယူသည်။

အဆိုပါကျောင်းဆောင်သစ်များမှာ အလှူရှင် ဦးသောင်းက လှူဒါန်းသည့် အလျားပေ ၄၀၊ အနံပေ ၃၀ ရှိ ကျောင်းဆောင်တစ်ဆောင်နှင့် ပြည်သူများစုပေါင်းလှူဒါန်းသည့် အလျား ပေ ၄၀၊ အနံပေ ၃၀ ရှိ ကျောင်းဆောင် တစ်ဆောင်တို့ဖြစ်ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ဇလွန်၌ မိုးရာသီသစ်ပင်စိုက်ပျိုး

ဇလွန် ဩဂုတ် ၁၁

ဇလွန်မြို့နယ်၏ ၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၂၅ရက် နံနက်ပိုင်းက ဇလွန်မြို့ ဂေါက်ကွင်း၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်သိန်း၊ မြို့နယ်သစ်တောဦးစီးဌာနဦးစီးမှူး ဦးခင်မောင်မြင့်၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက ရတနာတန်းဝင်ကျွန်းပင် ၃၀၀ စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

ဇူလိုင် ၂၅ရက်က မြိုင်မြို့ အခွန်လွတ်ဈေးတွင် ဈေးသည်များ သန့်ရှင်းစွာရောင်းချရေးအတွက် မြို့နယ်စည်ပင်သာယာရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်တင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိတို့ ကွင်းဆင်းဆွေးနွေးပြောကြားစဉ်။ (မြို့နယ်စည်ပင်)

ရှာဖွေကယ်ဆယ်ရေး ရန်ကင်း၌သင်တန်းဖွင့်

ရန်ကုန် ဩဂုတ် ၁၁

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် အရန်မီးသတ်တပ်ဖွဲ့ ရှာဖွေကယ်ဆယ်ရေး သင်တန်းအမှတ်စဉ် (၁/၂၀၁၁) သင်တန်းဖွင့်ပွဲအခမ်းအနားကို မြို့နယ်အုပ်ချုပ်ရေးမှူး ရုံးခန်းမတွင် ဩဂုတ် ၆ ရက်က ကျင်းပရာ မြို့နယ်သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေးဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းအောင်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး မီးသတ်ဦးစီးဌာန တောင်ဥက္ကလာပဒုန်မြို့နယ်မီးသတ်တပ်ဖွဲ့မှူး ဦးကိုကိုကြီးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်မီးသတ်စခန်းမှူး ဦးအောင်ဇေယျာထွန်းနှင့် မြို့နယ်အရန်မီးသတ်ဒုတိယတပ်ရင်းမှူး ဦးမျိုးမြင့်တို့က ရှာဖွေကယ်ဆယ်ရေးပစ္စည်းများဖြင့် သရုပ်ပြရှင်းလင်းခဲ့ကြကြောင်း သိရှိရသည်။ **(၀၄၃)**

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်
သင်တန်းတက်ရောက်ကြမည့် ဆရာ ဆရာမများအားတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၁

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးခင်ဇော်သည် ဩဂုတ် ၁၀ ရက် နံနက် ၉ နာရီတွင် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ အခြေခံပညာဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၇၆)သို့ တက်ရောက်ကြမည့် ဆရာ ဆရာမများအား တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။ (ဓာတ်ပုံ)

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တိုင်းဒေသကြီး ပညာရေးမှူး ဦးသန်းဌေးက သင်တန်းသွားရောက်မည့် ဆရာ ဆရာမများအတွက် စီစဉ်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က သင်တန်းတက်ရောက်ကြမည့် ဆရာ ဆရာမများအား ထောက်ပံ့ငွေများပေးအပ်ပြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ အမှတ်(၁) အခြေခံပညာကျောင်းရှိ Language Lab ခန်း၊ Learning Center ခန်း၊ Computer Room ၊ Chemistry Laboratory၊ Physics Laboratory ခန်းနှင့် Biology Laboratory ခန်းများ၌ ကျောင်းသား ကျောင်းသူများ သင်ယူနေမှု၊ လက်တွေ့ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က သင်ထောက်ကူမီဒီယာအခန်းများ၌ အသုံးပြုပြသနေသည့် စက်များ၏ ကြံ့ခိုင်ရေးကို အပတ်စဉ်၊ လစဉ်ဆောင်ရွက်ရန်၊ ကျောင်းသား ကျောင်းသူတစ်ဦးချင်း ပြန်လည် ရှင်းလင်းပြသနိုင်ရေး လေ့ကျင့်သင်ကြားပေးရန်၊ သိပ္ပံလက်တွေ့ခန်းသုံး ပစ္စည်းများ၊ ဓာတ်ဆေးများကို အမြဲတွေ့မြင်ပြီး လက်တွေ့အသုံးပြုရာတွင် လွယ်ကူစေရန် မြင်သာနိုင်သည့် နေရာများ၌ စနစ်တကျစီစဉ်ထားရှိရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

● *ကျောဖုံးမှ*

တိရစ္ဆာန်ဉယျာဉ် (ရတနာပုံ)တို့၌ လည်းကောင်း၊ ကျန်တိရစ္ဆာန်များကို နေပြည်တော်ရှိ ဆာဖာရီဉယျာဉ်နှင့် တိရစ္ဆာန်ဉယျာဉ်တို့၌ လည်းကောင်း မွေးမြူပြသသွားမည်ဖြစ်သည်။

ဆာဖာရီဉယျာဉ်၌ မွေးမြူပြသရန်အတွက် ၂၀၁၀ခုနှစ် နိုဝင်ဘာ ၂၉ ရက်တွင်လည်း တောင်အာဖရိကနိုင်ငံမှ ရှားပါးတိရစ္ဆာန်များဖြစ်သည့် ကြံ့ဖြူ၊ သစ်ကုလားအုတ်၊ ငှက်ကုလားအုတ်၊ ကုလားအုတ်၊ ဆိတ်သမင်၊ ခြင်္သေ့နှင့် မြင်းကျားများ၊ ဟော်လန်နိုင်ငံမှ သားပိုက်ကောင်များ စုစုပေါင်း တိရစ္ဆာန်ကိုးမျိုး ကောင်ရေ ၆၀ ကို မှာယူတင်သွင်းခဲ့သည်။

ယခုတစ်ကြိမ်ရောက်ရှိလာသည့် တိရစ္ဆာန်များကို တိရစ္ဆာန်ဉယျာဉ် အသီးသီးတွင် ယဉ်ပါးအောင် ခေတ္တထိန်းသိမ်းထားရှိကာ အများပြည်သူလေ့လာကြည့်ရှုနိုင်ရန် ရက်ပိုင်းအတွင်း စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

❒ *ကျောဖုံးမှ*

ဖွဲ့စည်းတာဝန်ပေးအပ်ပြီး ရှေ့လုပ်ငန်းစဉ်များ ချမှတ်ခြင်းတို့ကို ဆက်လက်ဆွေးနွေးသွားကြရန် ဖြစ်ကြောင်းဖြင့် ပြည်ပတွင် အလုပ်လုပ်ကိုင်မှု ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က ဩဂုတ် ၁၀ ရက် နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေး ကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေး၌ အမှာစကားပြောကြားသည်။

ရှေ့လုပ်ငန်းစဉ်

အစည်းအဝေး၌ အထောက်အကူပြု လုပ်ငန်းကော်မတီ(၃)ရပ်ကို ဖွဲ့စည်းခဲ့ပြီး ပြည်ပအလုပ်အကိုင် အလုပ်သမားများ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများရရှိရေး၊ တရားဥပဒေရေးရာ အကူအညီပေးရေး၊ နိုင်ငံတော်သို့ ချောမောစွာ ပြန်လည်ရောက်ရှိပြီး မိသားစုနှင့် ပြန်လည်ပေါင်းစည်းနေထိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆောင်ရွက်ရန်၊ မိသားစုလွှဲပို့ငွေများကို အခက်အခဲမရှိ လျင်မြန်ချောမွေ့စွာ လွှဲပို့နိုင်ရေးနှင့် ဘဏ်စနစ်ကောင်းမွန်ရေး၊ ပြည်ပအလုပ်အကိုင်အလုပ်သမားများအား ပြည်ပသို့မထွက်ခွာမီ မြန်မာ့အာမခံဥပဒေအရ အသက်အာမခံနှင့် ကိုယ်အင်္ဂါထိခိုက်မှု အာမခံထားရှိရေး၊ ပြည်ပသို့ မသွားရောက်မီဖြစ်စေ၊ သွားရောက်လုပ်ကိုင်နေစဉ်ဖြစ်စေ၊ ပြည်ပမှ ပြန်လည်ရောက်ရှိသည့်အခါ ဖြစ်စေ ငွေရေးကြေးရေး အခက်အခဲရှိသော အလုပ်သမားများနှင့် ယင်းတို့၏ မိသားစုများအား သင့်လျော်သော ထောက်ပံ့ငွေများပေးရန်နှင့် သက်သာသော အတိုးနှုန်းဖြင့် ချေးငွေများ ထုတ်ချေးနိုင်ရန် သက်သာချောင်ချိရေးရန်ပုံငွေ ထူထောင်ရေးကိစ္စများ အပါအဝင် ရှေ့လုပ်ငန်းစဉ် (၁၂)ရပ် ချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အခြေခံပညာအထက်တန်းကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲ
တောင်ကြီးမြို့နယ် ကျောက်တလုံးကြီးမြို့နယ်ခွဲ ဟမ်းဆီးရွာ၌ကျင်းပ

နေပြည်တော် ဩဂုတ် ၁၁

ရှမ်းပြည်နယ် တောင်ကြီးမြို့နယ် ကျောက်တလုံးကြီးမြို့နယ်ခွဲ ဟမ်းဆီးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ အခြေခံပညာအထက်တန်းကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်ပွဲ အခမ်းအနားကို ဩဂုတ် ၁၀ ရက် နံနက် ၁၀ နာရီတွင် အဆိုပါ ကျောင်းခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ် တက်ရောက်၍ ပြည်နယ်လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမျိုးထွန်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်စံလွင်နှင့် ပြည်နယ်ပညာရေးမှူး ဦးလှဝင်းတို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ကြည့်ရှုအားပေး

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အခြေခံပညာအထက်တန်းကျောင်း ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အဖွဲ့ဝင်များနှင့်အတူ ကျောင်းသားကျောင်းသူများ၏ အိမ်တွင်းမှုလက်မှု အတတ်ပညာ သရုပ်ပြသမှု၊ မာတီမီဒီယာခန်းမ၊ စာကြည့်တိုက်ခန်းမနှင့် ကျောင်းသားကျောင်းသူများ ပညာသင်ယူနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ပြည်နယ်ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးခွန်သိန်းမောင်က ကျောင်းအတွက် ဗလာစာအုပ် ဒါဇင် ၆၀ ပေးအပ်လှူဒါန်းကာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်စံလွင်က ပအိုဝ်းဘာသာဖြင့် အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မော်လမြိုင်၌ ကျောင်းဆောင်သစ်ဖွင့်ပွဲ
မွန်ပြည်နယ်ဝန်ကြီးချုပ် တက်ရောက်ဖွင့်လှစ်

နေပြည်တော် ဩဂုတ် ၁၁

မွန်ပြည်နယ် မော်လမြိုင်မြို့ မြိုင်သာယာရပ်ကွက်ရှိ အမှတ်(၁၂) အခြေခံပညာအထက်တန်းကျောင်း မဥ္ဇူသက ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၀ ရက် နံနက် ၈ နာရီတွင် အဆိုပါကျောင်း၌ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ်ဦးအုန်းမြင့်က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍အခမ်းအနား ဒုတိယပိုင်း အစီအစဉ်ကိုကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားပြီး ကျောင်းဆောင်သစ်ဆောက်လုပ်ရေးကော်မတီ အတွင်းရေးမှူး ဦးသောင်းမြင့်က ကျောင်းဆောင်သစ်ဆောက်လုပ်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကျောင်းဆောင်သစ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဝင်းက မြို့နယ်ပညာရေးမှူး ဦးအောင်စိုးမြင့်ထံ လွှဲပြောင်းပေးအပ်သည်။ ဆက်လက်၍ ကျောင်းဆောင်သစ်ဆောက်လုပ်ရာတွင် ပါဝင်လှူဒါန်းခဲ့ကြသည့် အလှူရှင်များအား ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ကျောင်းအုပ်ဆရာမကြီးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး Language Lab တွင် ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၏ ပညာသင်ကြားသင်ယူနေမှုကို ကြည့်ရှုအားပေးကြသည်။ ယခု ဆောက်လုပ်ပြီးစီးခဲ့သည့် မဥ္ဇူသက ကျောင်းဆောင်သစ်သည် အလျား ပေ၉၀×အနံ၃၆ပေနှင့် အမြင့် ၁၂ ပေရှိ RC တစ်ထပ်ဖြစ်ပြီး စုစုပေါင်း ကုန်ကျစရိတ်မှာ ငွေကျပ် ၂၆၁၈၇၀၀ ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ညနေပိုင်းတွင် မုဒုံမြို့ အမှတ်(၃) ရပ်ကွက်ရှိ ပိန္နဲတိုက်အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)သို့ ရောက်ရှိပြီး ကျောင်းအကျိုးတော်ဆောင်များ၊ ဆရာ ဆရာမများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံကာ ကျောင်းဥပမိရပ်ကောင်းမွန်ရေး၊ ကျောင်းဝင်းသန့်ရှင်းသာယာလှပရေးနှင့် ပညာရေးဆိုင်ရာကိစ္စရပ်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ် တောင်ကြီးမြို့နယ် ကျောက်တလုံးကြီးမြို့နယ်ခွဲ အခြေခံပညာ အထက်တန်းကျောင်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

နာတာရှည်ဝေဒနာရှင်များအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေး

ရန်ကုန် ဩဂုတ် ၁၁

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် ဒလမြို့နယ်အတွင်းရှိ နာတာရှည်ဝေဒနာရှင်များအတွက် ပြည်သူလူထုအခြေပြု အိမ်တိုင်ရာရောက်ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းကို ဩဂုတ် ၅ရက်က ဒလမြို့နယ် ပြည်သူ့ဆေးရုံ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဒုတိယတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝေမာမာထွန်းက လုပ်ငန်းဆောင်ရွက်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထောက်ပံ့ပေးအပ်

ထို့နောက် ကျန်းမာရေးဦးစီးဌာန တာဝန်ရှိသူများ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ် ကြက်ခြေနီတပ်ဖွဲ့ဝင်များသည် နာတာရှည်ရောဂါဝေဒနာရှင်များအား အိမ်တိုင်ရာရောက် ဆေးဝါးနှင့်အာဟာရပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (ဓာတ်ပုံ) (မြန်မာ့အလင်း)

နိုင်ငံအဝန်း ပြည်သူလူထု ပူးပေါင်းပါဝင်မှုဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပြီးစီးမှု

နေပြည်တော် ဩဂုတ် ၁၁

နိုင်ငံတော်၏ လျာထားသတ်မှတ်ချက်အနေဖြင့် နိုင်ငံလူဦးရေ၏ တစ်ဝက် သစ်ပင်သန်း ၃၀ စိုက်ပျိုးရန်ဖြစ်သည်။

သစ်တောရေးရာဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် ပြည်သူလူထု ပူးပေါင်းပါဝင်မှုမှာ စိုက်ပျိုးရန် လျာထားအပင် ၇၉ သန်းဖြစ်ပြီး ယနေ့အထိ စိုက်ပျိုးပြီးစီးမှုမှာ ၅၄ ဒသမ ၈၈ သန်း ဖြစ်သည်။

အဖွဲ့အစည်းအသီးသီး၏ စိုက်ပျိုးပြီးစီးမှုမှာ-

စဉ်	လုပ်ငန်းအမျိုးအမည်	လျာထား(ပင်)	ပြီးစီး(ပင်)
၁။	နိုင်ငံတော်ပိုင်စိုက်ခင်းများတည်ထောင်ခြင်း	၁၉၆၆၂၀၀၀	၁၉၆၆၂၀၀၀
၂။	မိုးရာသီလူထုလှုပ်ရှားမှုဖြင့်စိုက်ပျိုးခြင်း	၁၄၄၆၁၄၆၃	၁၄၀၉၄၉၃၉
၃။	ပုဂ္ဂလိကကျွန်းစိုက်ခင်းများစိုက်ပျိုးခြင်း	၁၇၈၃၃၅၀၀	၉၁၂၃၀၂၀
၄။	ပုဂ္ဂလိကသစ်မာစိုက်ခင်းများစိုက်ပျိုးခြင်း	၃၉၆၆၆၇၈	၁၉၃၂၇၀၀
၅။	စည်ပင်သာယာရေးကော်မတီ/အဖွဲ့များမှစိုက်ပျိုးခြင်း	၂၂၁၀၉၀၀၃	၉၀၆၆၇၄၂
၆။	အစိုးရမဟုတ်သောအဖွဲ့အစည်းများ၏အစီအစဉ်ဖြင့် စိုက်ပျိုးခြင်း	၁၇၉၈၁၅၀	၁၀၀၉၁၃၀
	စုစုပေါင်း	၇၉၈၃၀၇၉၄	၅၄၈၈၈၅၃၁

နိုင်ငံတစ်ဝန်း ပြည်သူလူထု ပူးပေါင်းပါဝင်မှုဖြင့် မိုးရာသီအမီ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးလျက်ရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

ပဲခူးမြို့ ပန်းလှိုင်အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၁၁

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ပန်းလှိုင်ရပ် အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၅ ရက် နံနက်ပိုင်းက အဆိုပါကျောင်း၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်းတက်ရောက်၍ ကျောင်းဆောင်သစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကျောင်းဆောင်သစ်နှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများကို တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်ဦးက တိုင်းဒေသကြီးပညာရေးမှူးထံ ပေးအပ်သည်။

ယင်းနောက် အလှူရှင်များက အလှူငွေ၊ ကျောင်းသုံးစာရေးခုံများနှင့် ကွန်ပျူတာတစ်စုံတို့ကို ပေးအပ်လှူဒါန်းကြပြီး မိဘဆရာ အသင်း ဒုတိယဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စက်ခလုတ်နှိပ်ဖွင့်လှစ်

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်း ပဲခူးမြို့ ပန်းလှိုင်ရပ် အခြေခံပညာ မူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ဩဂုတ် ၁ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် သာယာကုန်း ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး မျိုးမြင့်ကြိုင်က လောင်းကစားမှု ပပျောက်ရေးနှင့် မူခင်းကျဆင်းရေး အသိပညာပေးဟောပြောစဉ်။ (၀၄၂)

ဓနုဖြူ၌ မိုးစပါးစိုက်ဧကစာရင်း ကောက်ယူ

ဓနုဖြူ ဩဂုတ် ၁၁

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနမှ ဦးစီး၍ ၂၀၁၁-၂၀၁၂ခုနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် တောင်သူဦးရေစာရင်းနှင့် မိုးစပါးသီးနှံစိုက်ဧကစာရင်း ကောက်ယူခြင်းလုပ်ငန်းကို ဇူလိုင် ၂၉ ရက် နံနက် ၇ နာရီက အုန်းပင်ကွင်းကျေးရွာအုပ်စုတွင် ကျင်းပသည်။

ကွင်းဆင်းစစ်ဆေး

ဓနုဖြူမြို့နယ်အတွင်း ကျေးရွာအုပ်စုများတွင် ၂၀၁၁-၂၀၁၂ခုနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ရမည့် သီးနှံစိုက်ဧကအလိုက် တောင်သူစာရင်းနှင့် မိုးစပါးစိုက်ပျိုးသည့်ဧကစာရင်းကို ကွင်းဆင်းကောက်ယူရေးအဖွဲ့များက ကောက်ယူလျက်ရှိရာ မအူပင်ခရိုင် ကြေးတိုင်နှင့်မြေစာရင်း ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မြင့်နှင့်ဝန်ထမ်းများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်လှိုင်၊ မြို့နယ် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသန်းဦးနှင့် ဝန်ထမ်းများ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ မြို့နယ်မန်နေဂျာ ဦးလှမြင့်နှင့် ဝန်ထမ်းများကအဖွဲ့များခွဲ၍ ဓနုဖြူမြို့နယ် အုန်းပင်ကွင်းကျေးရွာအုပ်စုတွင် စာရင်းကောက်ယူ ပြီးစီးမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ပုံ)** (၁၄၇)

ကျေးလက်ဒေသဖွံ့ဖြိုးရေး မိုးမောက်၌ဆွေးနွေး

မိုးမောက် ဩဂုတ် ၁၁

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ရေး ဟောပြောပွဲကို ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ဩဂုတ် ၁ ရက် ညနေ ၃ နာရီကကျင်းပရာ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်စိန်က အမှာစကားပြောကြားပြီး မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာဗိုလ်ဗိုလ်ထွေးက ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ရေးအကြောင်း သိကောင်းစရာများကို ရှင်းလင်းဟောပြောသည်။

ဆွေးနွေးရှင်းလင်း

ထို့နောက် အခမ်းအနားတက်ရောက်လာကြသော ဌာနဆိုင်ရာများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ရပ်ကွက် ကျေးရွာ အုပ်ချုပ်ရေးမှူးများက သိလိုသည့်အချက်များကိုမေးမြန်းကြရာမြို့နယ် ဦးစီးဌာနမှူး ဒေါက်တာဗိုလ်ဗိုလ်ထွေးက ပြန်လည်ဆွေးနွေး ရှင်းလင်းခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဘားအံ၌ နေ့ချင်းပြီးဆောင်ရွက်ပေး

ဘားအံ ဩဂုတ် ၁၁

နိုင်ငံသားအရည်အချင်းနှင့်ပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးရေးစီမံချက်အရ နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီးပြုလုပ်ပေးအပ်ပွဲကို ကရင်ပြည်နယ် ဘားအံမြို့ အိန္ဒူကျေးရွာ၌ ဇူလိုင် ၂၄ ရက်က ကျင်းပရာ ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးသောင်းဇော် **(ယာပုံ)**က နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

မှုခင်းကျဆင်းရေးနှင့် ငါးသယံဇာတထိန်းသိမ်းရေး ကြို့ပင်ကောက်မြို့၌ ပညာပေးဆွေးနွေး

ကြို့ပင်ကောက် ဩဂုတ် ၁၁

မှုခင်းကျဆင်းရေးနှင့် ငါးသယံဇာတထိန်းသိမ်းရေးအတွက် ပညာပေးဆွေးနွေးပွဲကို ဇူလိုင် ၁၃ ရက်က ကြို့ပင်ကောက်မြို့နယ် ရွာသာယာကျေးရွာအုပ်စု မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲကင်း၌ကျင်းပသည်။ **(ဝဲပုံ)**

ရှင်းလင်းဆွေးနွေး

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးချစ်စိန်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမြင့်ကြိုင်တို့က မှုခင်းကျဆင်းရေးနှင့်စပ်လျဉ်း၍ လည်းကောင်း၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန လက်ထောက်ဦးစီးမှူး ဦးစိုးမင်းအောင်က ငါးသယံဇာတထိန်းသိမ်းရေးနှင့်စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ်ငါးလုပ်ငန်းဦးစီး)**

မြန်မာ့အလင်း သတင်းအတိုအထွာ ၁၁-၈-၂၀၁၁

ဆင်းရဲမှုလျှော့နည်းပပျောက်ရေး ခင်ဦး၌ဟောပြော

ရွှေဘိုခရိုင် ခင်ဦးမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ကြက်မွေးမြူရေးဇုန် အစည်းအဝေးခန်းမ၌ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့် ရေလုပ်ငန်းညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်သန်းနှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်သိန်းတို့က ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့နည်းပပျောက်ရေး လုပ်ငန်းနှင့်စပ်လျဉ်း၍ ဟောပြောရာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဒေါက်တာသန်းထိုက်၊ ခရိုင်ဦးစီးမှူး ဒေါက်တာသန်းနိုင်၊ မြို့နယ်ဦးစီးမှူး ဦးမြပဟန်၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကြက်မွေးမြူရေးဇုန်မှ ကြက်မွေးသူများနှင့် ဒေသခံကျေးရွာများမှ မွေးမြူရေးသမားများ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

မော်လမြိုင်ကျွန်းမြို့ ချမ်းမြေ့ဘိုးဘွားရိပ်သာသို့ ငွေလှူဒါန်း

မော်လမြိုင်ကျွန်းမြို့ ချမ်းမြေ့ဘိုးဘွားရိပ်သာအတွက် ထာဝရပဒေသာပင်ပေးအပ်လှူဒါန်းပွဲကို ဩဂုတ် ၇ ရက် နံနက် ၉ နာရီက အဆိုပါဘိုးဘွားရိပ်သာ၌ကျင်းပရာ ဦးကိုကိုကြည်အားရည်စူး၍ ရန်ကုန်မြို့ ၃၃ လမ်းနေ ဒေါ်အေးသိန်းမိသားစုလှူဒါန်းသော ထာဝရပဒေသာပင် ငွေကျပ် တစ်သိန်းကို အလှူရှင်ကိုယ်စား မော်လမြိုင်ကျွန်းမြို့နေ ဦးသောင်းညွန့် (ရွှေမြန်မာလယ်ယာသုံးပစ္စည်းရောင်းဝယ်ရေး)က ပေးအပ်လှူဒါန်းရာ ချမ်းမြေ့ဘိုးဘွားရိပ်သာ ဒုတိယဥက္ကဋ္ဌ ဦးအောင်မောင်းနှင့် တွဲဖက်အတွင်းရေးမှူး ဦးစိုးမြင့်တို့က လက်ခံယူကြသည်။

အဆိုပါ မော်လမြိုင်ကျွန်းမြို့ ချမ်းမြေ့ဘိုးဘွားရိပ်သာအတွက် ပါဝင်လှူဒါန်းလိုပါက ဦးတင်လှိုင် ဖုန်း-၀၄၂-၅၀၂၆၇၊ ဦးစန်းရီ (ရိပ်သာမှူး)ဖုန်း-၀၄၂-၅၀၃၆၆ တို့ထံသို့ ဆက်သွယ်ပေးပို့လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (၀၆၅)

ကျိုင်းတုံ၌ အခွန်ဆိုင်ရာ ပညာပေးရှင်းလင်း

ပြည်တွင်းအခွန်များဦးစီးဌာန ကျိုင်းတုံခရိုင် အခွန်ဦးစီးဌာနမှူးရုံး၌ ကုန်ပစ္စည်းများတွင် အခွန်အမှတ်တံဆိပ် ကပ်နှိပ်စေပြီး တရားဝင်ရောင်းချရေးဆိုင်ရာ ပညာပေးရှင်းလင်းပွဲကို ဩဂုတ် ၉ ရက် နံနက်က ကျင်းပရာ ခရိုင်ဦးစီးမှူး ဦးသန်းဝင်း၊ မြို့နယ်ဦးစီးအရာရှိ ဦးနေလင်းအေးတို့ ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ *(ပြည်နယ် ပြန်/ဆက်)*

မြန်မာ့အလင်း စာအုပ်စင်ကလျာ

ဆူးပန်းခွေ သွယ်ဘယက်နှင့် ပေရွက်လိပ် နှားတောင်းဆင် စာအုပ်ထုတ်ဝေ

ရန်ကုန် ဩဂုတ် ၁၁

စာရေးဆရာမ ခင်ခင်ထူး ရေးသားထားသည့် ဆူးပန်းခွေ သွယ်ဘယက်နှင့်ပေရွက်လိပ်နားတောင်းဆင် စာအုပ်ကို မူဝံစာအုပ်တိုက်မှ ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ယာပုံ)**

စာအုပ်တွင် စာရေးသူက မတ္တရာမြို့နယ် ပေါက်တောကျေးရွာတွင် ကျောင်းဆရာမဘဝ တာဝန်ထမ်းဆောင်စဉ်ကာလ အတွေ့အကြုံများကို အခြေပြု၍ တောကျောင်း ဆရာမလေးများ၏ဘဝ၊ ကျောင်းသားကျောင်းသူလေးများ၏ ပညာသင်ယူလိုမှုဆန္ဒ၊ ရိုးသားစွာနေထိုင်ကြသော ကျေးရွာသူကျေးရွာသားများ၏ စိတ်သဘောထားအလှများကို စုစည်းကာ ဖတ်ချင့်စဖွယ် ရသမြောက်စွာ ဖော်ပြထားသော စာအုပ်ဖြစ်သည်။ အဆိုပါ စာအုပ်ကို တန်ဖိုးငွေကျပ် ၆၀၀၀ ဖြင့် မူဝံစာအုပ်တိုက် အမှတ်(၂၁၂) ၃၁ လမ်း ရန်ကုန်မြို့၌ ဝယ်ယူနိုင်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

၂၀၁၀ ခုနှစ် ထွန်းဖောင်ဒေးရှင်း စာမူဆုရ ရှေးဟောင်းကျမ်း စာအုပ်ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဩဂုတ် ၁၁

၂၀၁၀ ခုနှစ် ထွန်းဖောင်ဒေးရှင်းစာမူဆုရ (ရှေးဟောင်းကျမ်း) ချီးမြှင့်ခံရသော ယိုးဒယားနိုင် မော်ကွန်းစာအုပ်ကို ထွန်းဖောင်ဒေးရှင်းဘဏ် စာပေကော်မတီ အမှတ်(၅၃/၆၁) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ်က ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရှိရသည်။

ဆင်ဖြူရှင်မင်းလက်ထက်က အောင်နိုင်ခဲ့သည့် အကြောင်းအရာများကို စာဆို လက်ဝဲနော်ရထာက မှတ်တမ်းတင်ထားသည့် မော်ကွန်းအား ပေမူနှင့်လက်နှိပ်စက်မူတို့မှတစ်ဆင့် ဒေါက်တာရီရီခင်က ပြန်လည်တည်းဖြတ် ဖွင့်ဆိုထားသော သမိုင်းမှတ်တမ်းဆိုင်ရာ စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

မှာယူဖတ်ရှုလိုပါက ဖုန်း-၀၁-၂၉၆၃၂၅နှင့် ၀၉-၇၃၁၀၄၄၈၇ တို့ထံသို့ မှာယူနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား တရုတ်နိုင်ငံရင်းနှီးမြှုပ်နှံမှုအဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၁

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ SDIC မှ ဒုတိယအထွေထွေ မန်နေဂျာ Mr. Gao Guiheng ဦးဆောင်သောအဖွဲ့သည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး ဆန်စပါးသီးနှံဖွံ့ဖြိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များနှင့် ရေရှည်စိုက်ပျိုးရေး အခြေခံကုန်ထုတ်လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခြင်း၊ ရင်းနှီးမြှုပ်နှံခြင်းဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ဆက်လက်ဆွေးနွေး

တွေ့ဆုံပွဲအပြီးတွင် အဆိုပါအဖွဲ့သည် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်း ဦးဆောင်သော ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၊ လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ဆက်လက်ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ SDICမှ ဒုတိယအထွေထွေ မန်နေဂျာ Mr. Gao Guiheng ဦးဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကော့ကရိတ်မြို့နယ်၌ ပေးအပ်

ရန်ကုန် ဩဂုတ် ၁၁

ကရင်ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသောင်းဇော်သည် ဩဂုတ် ၉ ရက် မွန်းလွဲပိုင်းတွင် ကော့ကရိတ်ခရိုင် ဦးစီးဌာနမှူး ဦးခင်မောင်ဝင်းနှင့်အတူ ကော့ကရိတ်မြို့ အထက (၁)၌ နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်နေသော မြို့နယ်ဦးစီးဌာနမှူး ဦးညိုညိုသန်းနှင့် ဝန်ထမ်းများအား တွေ့ဆုံအားပေးသည်။

ပေးအပ်

ထို့နောက် ကျောင်းသား မိဘများ၏ မေးမြန်းချက်များကို ဖြေကြားပြီး နေ့ချင်း ဆောင်ရွက်ပြီးစီးသည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၅၀ ကို ကျောင်းအုပ်ဆရာကြီး ဦးစောရွှေကြည်ထံ ပေးအပ်ခဲ့သည်။

(အောက်ပုံ) (သတင်းစဉ်)

စရိတ်မှာသက်သာ အထွက်တင်းတစ်ရာ စပါးစိုက်နည်းပညာ ဟောပြောမည်

ရန်ကုန် ဩဂုတ် ၁၁

မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်း (ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများ အစုအဖွဲ့)က ကြီးမှူး၍ စိုက်ပျိုးရေးနည်းပညာနှင့် ပတ်သက်သည့် ဟောပြောပွဲကို ဩဂုတ် ၁၃ ရက် (စနေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ UMFCCI Office Tower (ပထမထပ်)ခန်းမကြီး၌ ကျင်းပမည်ဖြစ်ရာ ဒေါက်တာထွန်းဝင်း Ph.D (Agronomy) က 'စရိတ်မှာသက်သာအထွက်တင်းတစ်ရာ စပါးစိုက်နည်းပညာ' ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ပြီး စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၂-၈-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+အဋ္ဌာနာဋီယသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ **ဝေဒနာနုပဿနာ** တရားတော် (ဆရာတော် ဘဒ္ဒန္တသောဘန)
- ၆း၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၉၃)
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၃၅)
- ၈း၅၀ MRTV-4 7 th Anniversary Live Show [Day 2 (Part-5)]
- ၉း၃၀ Movie Talk (ကြွေလွင့်ကြယ်ပွင့်များ) (အပိုင်း-၅) (ဒါရိုက်တာ ကြည်စိုးထွန်း)
- ၁၀း၀၀ နိဗ္ဗာန်အကျိုးမျှော်လှူဒါန်းသော် ကျောင်းရေစက်ချအလှူတော်
- ၁၀း၁၅ မဟာလောကသရဖူစေတီတော် မြတ်ကြီး ရွှေထီးတော်သစ်နှင့် စိန်ဖူးတော်မြတ်အထွတ်တင်လှူပူဇော်ပွဲအခမ်းအနား
- ၁၀း၃၀ ဖက်ရှင်လမ်းညွှန် (ဒီဇိုင်နာမင်းသက်စံ)
- ၁၁း၀၅ UMFCCI နှင့် MIEGA တို့ပူးပေါင်းကျင်းပသည့် စီးပွားရေးပညာရပ်ဆိုင်ရာ ဟောပြောပွဲ
- ၁၁း၂၀ ရန်ကုန်မြင်ကွင်းကျယ် (Holistic Medicine & Anti-Aging Regenerative Medicine ဆေးပညာဖြန့်ဖြူးဟောပြောပွဲ)
- ၁၁း၄၅ နေရောင်ခြည်စွမ်းအင်ဆိုင်ရာ အသုံးချနိုင်မှုပြသပွဲ
- ၁၁း၅၅ စာပေထဲက ကျန်းမာရေး (ဒေါက်တာခင်မောင်လွင်၊ စာရေးဆရာ ချစ်စံဝင်း)
- ၁၂း၃၅ Activities in the City (ကောင်းသန့်စာပေမှထုတ်ဝေသည့် စာအုပ်များနှင့်မိတ်ဆက်ပွဲ)
- ၁း၀၀ **ဝေဒနာနုပဿနာ** တရားတော် (ဆရာတော်ဘဒ္ဒန္တသောဘန)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ Style ရှိမှ Star ဖြစ်မယ်
- ၃း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၉၃)
- ၄း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၃၅)
- ၅း၁၀ Activities in the City (စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှု ပညာမဟာဘွဲ့၏ မောင်မယ်သစ်လွင်ကြိုဆိုပွဲ)
- ၅း၃၀ The Champion of Dance
- ၆း၀၀ MRTV -4 သတင်း
- ၆း၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၉၄)
- ၇း၀၀ MRTV-4 7th Anniversary ဂန္ထဝင်သံစဉ်များ(အပိုင်း-၁)
- ၈း၀၀ MRTV -4 သတင်း
- ၈း၃၀ Korea City of Seoul is....Cusine
- ၉း၁၀ အနုပညာမိုးကောင်းကင်
- ၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ မာယာမျဉ်းပြိုင် (အပိုင်း-၃၆)
- ၁၀း၃၀ VJ Choice
- ၁၁း၀၀ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
- ၁၁း၁၅ သူတို့ပြောတဲ့သူတို့အကြောင်း (သရုပ်ဆောင်ဇာနည်နှင့်ကြည်လဲ့လဲ့ဦးတို့နှင့်တွေ့ဆုံခြင်း)
- ၁၁း၃၅ မိုးအလှပန်းချီတေးကိုသီ
- ၁၁း၄၅ World of Knowledge (Ultimate Diseaster : Earthquake)
- ၁၂း၃၅ ပြီးပြည့်စုံခြင်းများနှင့် Reto Coffee Machine
- ၁၂း၅၅ ကိုယ်ပိုင်ဟန်ဖက်ရှင် (တိမ်ပြာမို့မို့လွင်)
- ၁း၁၀ လက်ဝယ်ရှိသော
- ၁း၂၅ လှပသစ်ဆန်းအလှပြင်ခန်း (IRIS Hair Style & Beauty Treatment Center)
- ၁း၄၀ ပန်းပုပန်းချီ တုမမီအောင် လက်ရာစုံပေသည်…
- ၁း၅၀ စိတ်ဝင်စားစရာကျောက်မျက်ကမ္ဘာ (မြန်မာ့ကျောက်စိမ်းမြန်မာ့အနုပညာ)
- ၂း၁၀ ပျော်ရွှင်ကျန်းမာသန့်စင်သောအစာ ဆုပန်ထွာ၊ပွင့်၊ဟဲဗီးဖြိုး (ဒါရိုက်တာ-ကြည်စိုးထွန်း)
- ၂း၂၀ ရွှေမင်းသား(သို့မဟုတ်) နှလုံးသားထက်မြက်သူ
- ၂း၄၀ ပန်းပျိုးလက်ဖြင့် ပန်းမျိုးဆက်တို့ ထက်မြက်ရှင်သန်စေရာ…
- ၂း၅၅ တောင်တန်းပေါ်ကစိန်တလုံး
- ၃း၀၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄း၀၅ အံ့ဖွယ်ထူးခြား မြေလတ်ဒေသဆီမှ ဘုရားများ
- ၄း၂၅ တရားဓမ္မများပွားများအားထုတ်ရာ ဓမ္မဒူတတောရသာသနာ့ရိပ်သာ
- ၄း၄၅ မေတ္တာတရားနှင့် အေးချမ်းတဲ့ ထမ့်စန်းလိုဏ်ဂူ

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် တည်ငြိမ်ပြည့်ဝသော လျှပ်စစ်ဓာတ်အားကို အများပြည်သူအားလုံး စိတ်ချယုံကြည်စွာ သုံးစွဲနိုင်ရေးအတွက် မဟာဓာတ်အားလိုင်းများနှင့် ပင်မဓာတ်အားခွဲရုံများကို တိုးချဲ့တည်ဆောက်လျက်ရှိပါသည်။

ရှမ်းပြည်နယ်၊ ကလောပင်မဓာတ်အားခွဲရုံတွင် လျှပ်စစ်ဓာတ်အား အရည်အသွေးပြည့်မီရေး ဖြည့်တင်းစက်ပစ္စည်းများအား ဘေးအန္တရာယ်ကင်းရှင်းစွာ တပ်ဆင်ရန်အတွက် အောက်ဖော်ပြပါ ဓာတ်အားလိုင်းများအား ပူးတွဲပါနေ့ရက် အချိန်များတွင် ခေတ္တဓာတ်အား ပြတ်တောက်နိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်-

စဉ်	ဓာတ်အားလိုင်းအမည်	နေ့ရက်	အချိန်
၁။	၆၆ ကေဗွီ ကလော-အောင်သပြေ	၁၄-၈-၂၀၁၁	၈ နာရီမှ ၁၆ နာရီအထိ
၂။	၆၆ ကေဗွီ ကလော-နဂါးဘီလပ်မြေစက်ရုံ	၁၄-၈-၂၀၁၁	၈ နာရီမှ ၁၆ နာရီအထိ
၃။	၃၃ ကေဗွီ ကလော-နောင်တရား	၁၄-၈-၂၀၁၁	၈ နာရီမှ ၁၆ နာရီအထိ
၄။	၁၁ ကေဗွီ ကလော၊ စစ်ဦးစီး၊ အောင်ပန်း	၁၄-၈-၂၀၁၁	၈ နာရီမှ ၁၆ နာရီအထိ

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် တည်ငြိမ်ပြည့်ဝသော လျှပ်စစ်ဓာတ်အားကို အများပြည်သူအားလုံး စိတ်ချယုံကြည်စွာ သုံးစွဲနိုင်ရေးအတွက် မဟာဓာတ်အားလိုင်းများနှင့် ပင်မဓာတ်အားခွဲရုံများကို တိုးချဲ့တည်ဆောက်လျက်ရှိပါသည်။

မန္တလေးတိုင်းဒေသကြီးသို့ ဓာတ်အားပိုမိုတိုးတက်ဖြန့်ဖြူးနိုင်ရန်နှင့် ဗို့အားပိုမိုတည်ငြိမ်ကောင်းမွန်နိုင်ရန်အတွက် ၂၃၀ကေဗွီ မြောက်ပြင် ပင်မဓာတ်အားခွဲရုံအသစ်အား တည်ဆောက်လျက်ရှိပါသည်။

အဆိုပါ ၂၃၀ကေဗွီ မြောက်ပြင်ပင်မဓာတ်အားခွဲရုံအသစ်သို့ ၂၃၀ကေဗွီ ရွှေစာရံပင်မဓာတ်အားခွဲရုံမှ ဓာတ်အားပို့လွှတ်မည့် ၂၃၀ကေဗွီ မဟာဓာတ်အားလိုင်းအသစ်အား ဓာတ်အားလိုင်းကြိုးသွယ်တန်းခြင်းလုပ်ငန်းကို ဘေးအန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်ရန် အောက်ဖော်ပြပါဓာတ်အားလိုင်းများအား ပူးတွဲပါနေ့ရက် အချိန်များတွင် ခေတ္တဓာတ်အားပိတ်ထား၍ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

စဉ်	ဓာတ်အားလိုင်းအမည်	နေ့ရက်	အချိန်
၁။	၁၃၂ကေဗွီ ရွှေစာရံ-တံခွန်တိုင်	၁၃-၈-၂၀၁၁	၀၆း၀၀နာရီမှ၁၈း၀၀နာရီအထိ
၂။	၃၃ကေဗွီ ရွှေစာရံ-မြောက်ပြင်	၁၃-၈-၂၀၁၁	၀၆း၀၀နာရီမှ၁၈း၀၀နာရီအထိ
၃။	၃၃ကေဗွီ ရွှေစာရံ-(၅၉)လမ်းခွဲရုံ	၁၃-၈-၂၀၁၁	၀၆း၀၀နာရီမှ၁၈း၀၀နာရီအထိ
၄။	၁၃၂ကေဗွီ အောင်ပင်လယ်-ဆည်တော်ကြီး	၁၄-၈-၂၀၁၁	၀၆း၀၀နာရီမှ၁၈း၀၀နာရီအထိ
၅။	၃၃ကေဗွီ အောင်ပင်လယ်-မြောက်ပြင်	၁၄-၈-၂၀၁၁	၀၆း၀၀နာရီမှ၁၈း၀၀နာရီအထိ
၆။	၁၃၂ကေဗွီ လက်ပန်လှခွဲရုံမှဓာတ်အားပေးထားသောဒေသများ	၁၄-၈-၂၀၁၁	၀၆း၀၀နာရီမှ၁၈း၀၀နာရီအထိ
၇။	၁၃၂ကေဗွီ ကျောက်ပုထိုးခွဲရုံမှဓာတ်အားပေးထားသောဒေသများ	၁၄-၈-၂၀၁၁	၀၆း၀၀နာရီမှ၁၈း၀၀နာရီအထိ

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

အရိုးရောဂါပညာဆိုင်ရာ ဟောပြောပို့ချမည်

ရန်ကုန် ဩဂုတ် ၁၁

မြန်မာနိုင်ငံ ဆရာဝန်အသင်း အရိုးရောဂါပညာအဖွဲ့မှ Basic Refresher Course for GPs သင်တန်းကို မြန်မာနိုင်ငံ ဆရာဝန်အသင်း ခန်းမဆောင်(အေ)တွင် ဩဂုတ် ၂၇ ရက် (စနေနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ကျင်းပမည်ဖြစ်ပြီး အဆိုပါသင်တန်းတွင် ပါမောက္ခ ဦးသစ်လွင်၊ ပါမောက္ခ ဦးမြင့်သောင်းနှင့်ပါမောက္ခဦးဇော်ဝေစိုးတို့က "Quality Trauma Care" ခေါင်းစဉ်ဖြင့် ဟောပြောပို့ချမည်ဖြစ်သည်။

အဆိုပါ သင်တန်းတက်ရောက်လိုသူများသည် ဆေးတက္ကသိုလ်(၁) အရိုးရောဂါပညာဌာန ကြည့်မြင်တိုင်အရိုးရောဂါ အထူးကုဆေးရုံကြီး ရန်ကုန်မြို့သို့ လည်းကောင်း၊ ဆေးတက္ကသိုလ်(၂) အရိုးရောဂါပညာဌာန မြောက်ဥက္ကလာပ သင်ကြားရေးနှင့် အထွေထွေရောဂါကုဆေးရုံကြီး ရန်ကုန်မြို့သို့ လည်းကောင်း၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း (ဗဟို) ရန်ကုန်မြို့သို့ လည်းကောင်း ရုံးချိန်အတွင်း မှတ်ပုံတင်၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။

(ဆရာဝန်အသင်း)

ကြီးကြပ်စစ်ဆေး

ငပုတောမြို့၌ ဈေးတံတား ပြုပြင်ခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးဇော်အေးထွေးနှင့်အဖွဲ့ ဆောင်ရွက်နေခြင်းကို ဩဂုတ် ၅ ရက်က အမှုဆောင်အရာရှိ ဦးတိုးမြင့်အောင် ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

12-8 (08).pmd 1 8/12/2011, 1:45 AM

အဆင့်နိမ့် ကျောက်စိမ်းအသားကျောက်ရောင်းချပွဲ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပမည်

➢ သတင်းဆောင်းပါး - တင်ထွေး (သတင်းစဉ်) ➢ ဓာတ်ပုံမှတ်တမ်း - ကိုထွေး

နေပြည်တော် ဩဂုတ် ၁၁

နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမ၌ ကျောက်မျက်ရတနာပြပွဲများ ကျင်းပလာခဲ့သည်မှာ ပြီးခဲ့သည့် ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းပွဲအထိဆိုလျှင် သုံးကြိမ်ရှိခဲ့ပြီဖြစ်သည်။ သို့သော်လည်း အဆိုပါ ကျောက်မျက်ရတနာပြပွဲများမှာ နိုင်ငံခြားငွေဖြင့် ရောင်းချသောပြပွဲများဖြစ်ပြီး ပြည်ပရတနာကုန်သည်များ အဓိကလာရောက်ဝယ်ယူကြသော ပြပွဲများဖြစ်ခဲ့သည်။

တင်ပြရောင်းချ

မြန်မာ့ကျောက်မျက်ရတနာပြပွဲများကို ၁၉၆၄ ခုနှစ်မှစတင်၍ ကျင်းပလာခဲ့ရာ ယခုဆိုလျှင် ရတနာပြပွဲပေါင်း ၈၂ ပွဲ ကျင်းပခဲ့ပြီးဖြစ်သည်။ အဆိုပါ ရတနာပြပွဲများတွင် ကျောက်စိမ်းအတွဲများ တိုးတက်တင်ပြရောင်းချခဲ့ရာ ပြီးခဲ့သည့် ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲတွင် ကျောက်စိမ်းအတွဲပေါင်း ၂၂၃၀၇ တွဲ တင်ပြခဲ့ရာ ၁၇၄၄၉ တွဲ ရောင်းချခဲ့ရသည်။ ထိုသို့ တင်ပြရောင်းချခဲ့ရာတွင် တန်ဖိုးနည်းသော အသားကျောက် C(စီ)၊ D(ဒီ)အဆင့် ကျောက်စိမ်းအတွဲများ ရောင်းချရမှု ရာခိုင်နှုန်းမှာ ၅၇ ဒသမ ၈၈ ရာခိုင်နှုန်း၊ ကျောက်စိမ်းမဟုတ်သော ကျောက်များ (Non-jade) များ၏ ရောင်းချရမှု ရာခိုင်နှုန်းမှာ ၇ ဒသမ ၆၉ ရာခိုင်နှုန်းခန့်သာရှိခဲ့သည်။

အဆင့်နိမ့်အသားကျောက် C,D (စီ၊ဒီ)ကျောက်များနှင့် ကျောက်စိမ်းမဟုတ်သောကျောက်များသည် ထုထည် ပမာဏများပြားသည့်အပြင် တန်ဖိုးနည်းသော ကျောက်စိမ်းများဖြစ်သည့်အတွက် သီးခြားပြပွဲတစ်ပွဲ ကျင်းပပေးရန်လိုအပ်လာပေသည်။ သို့မှသာ နိုင်ငံသားလုပ်ငန်းရှင်များ အနေဖြင့် မတည်ရင်းနှီးငွေများ ပြန်လည်ရရှိပြီး လုပ်ငန်းသုံးငွေများ လည်ပတ်စေကာ လုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်နိုင်မည် ဖြစ်သည်။

ရည်ရွယ်ချက်

သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပသည့် ၂၀၁၁ ခုနှစ် ဩဂုတ်လ အဆင့်နိမ့်ကျောက်စိမ်းအသားကျောက် ရောင်းချပွဲကို ဩဂုတ် ၁၂ ရက်မှ ၁၆ ရက်အထိ နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီသည် အဆင့်နိမ့်ကျောက်စိမ်းအသားကျောက် ရောင်းချပွဲကို ပြည်တွင်း ကျောက်စိမ်းအချောထည်နှင့် ရုပ်တုရုပ်ထွင်း ဈေးကွက် တိုးတက်ထွန်းကားလာစေရန်၊ ငွေကြေးအရင်းအနှီးနည်းပါးသော ကျောက်စိမ်းလုပ်ငန်းရှင်များနှင့် ပုဂ္ဂလိကကျောက်စိမ်းလုပ်ငန်းများ တိုးတက်လာစေရန်နှင့် နိုင်ငံသားများ အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်ရရှိစေရန်ဟူသော ရည်ရွယ်ချက်များဖြင့် ကျင်းပပေးခြင်းဖြစ်သည်။

အဆင့်နိမ့် ကျောက်စိမ်းအသားကျောက်ရောင်းချပွဲတွင် တင်ပြရောင်းချမည့် ကျောက်စိမ်းအတွဲများ ခင်းကျင်းနေမှုကို တွေ့ရစဉ်။

ရောင်းချပေး

အဆင့်နိမ့် ကျောက်စိမ်းအသားကျောက် ရောင်းချပွဲတွင် မြန်မာနိုင်ငံမှ ထွက်ရှိသော ကျောက်စိမ်းအရိုင်း အသားကျောက် C(စီ)အဆင့်၊ D(ဒီ) အဆင့်နှင့် အဆင့်အလွန်နိမ့်သည့် ကျောက်စိမ်းများကို မြန်မာကျပ်ငွေဖြင့် ပြည်တွင်းရတနာကုန်သည်များအား ရောင်းချပေးသွားမည် ဖြစ်သည်။ ဩဂုတ် ၁၂ ရက်မှ ၁၄ ရက်အထိ ကျောက်စိမ်းအတွဲများ ကြည့်ရှုစစ်ဆေးခြင်းနှင့် ဈေးနှုန်းပေးသွင်းလွှာများ ထည့်သွင်းခြင်းတို့ကို ပြုလုပ်ကြရမည်ဖြစ်ပြီး ဩဂုတ် ၁၅ ရက်မှ ၁၆ ရက်အထိ ကျောက်စိမ်းအတွဲများကို တင်ဒါစနစ်ဖြင့် ဝယ်ယူကြရမည်ဖြစ်သည်။

အဆင့်နိမ့် ကျောက်စိမ်းအသားကျောက် ရောင်းချပွဲတွင် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်းကို ခွင့်ပြုမိန့်ရယူလုပ်ကိုင်သည့် ပုဂ္ဂလိက၊ ကုမ္ပဏီနှင့် အသင်းများ၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ လိုင်စင်ရရှိသူများ တင်ပြရောင်းချခွင့်ရှိမည်ဖြစ်သည်။ အဆိုပါ ရောင်းချပွဲသို့ ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိထားသူများ၊ ကျောက်မျက်ရတနာအရောင်းဆိုင် လိုင်စင်ရရှိထားသူများ၊ ဂျီတီစီလိုင်စင် ရယူထားသူများနှင့် ကျောက်မျက်ရတနာကုမ္ပဏီ မှတ်ပုံတင်ရရှိပြီးသူများ တက်ရောက်ဝယ်ယူခွင့် ရရှိကြမည်ဖြစ်သည်။

အဆင့်နိမ့် ကျောက်စိမ်းအသားကျောက်ရောင်းချပွဲနှင့်စပ်လျဉ်း၍ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေက "မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီအနေနဲ့ အရင်က ကျောက်စိမ်းတွေကို နိုင်ငံခြားငွေနဲ့သာ ရောင်းချခဲ့ပါတယ်။ ဒီပွဲမှာတော့ ပြည်တွင်းမှာ ကျောက်မျက်ရတနာနဲ့ လက်ဝတ်ရတနာဈေးကွက် ဖွံ့ဖြိုးလာဖို့နဲ့ ကျောက်စိမ်းနဲ့ပြုလုပ်ထားတဲ့ရုပ်တုရုပ်ထွင်းတွေ၊ လက်ကောက်၊ ပုတီး၊ ဆွဲပြား၊ ဆွဲသီး စတဲ့လုပ်ငန်းတွေအတွက် ကုန်ကြမ်းရရှိစေဖို့ ရည်ရွယ်ကျင်းပတာပါ။ ဒီပွဲမှာ ဝယ်ယူတဲ့ ကျောက်စိမ်းတွေကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်း စတဲ့မြို့တွေကို သတ်မှတ်ချက်နဲ့အညီ သယ်ဆောင်ရောင်းဝယ်ခွင့်ပြုမှာဖြစ်ပြီး ရတနာခွန်ပေးဆောင်ပြီးဖြစ်လို့ လက်ဝယ်ထားရှိခွင့်နဲ့ အထည်လုပ်ခွင့်ရရှိမှာ ဖြစ်ပါတယ်။ လိုအပ်တဲ့ကုန်ကြမ်းကို တစ်ဦးချင်းဖြစ်စေ၊ စုပေါင်းပြီးဖြစ်စေ စိတ်ကြိုက်ရွေးချယ်ကာ ဝယ်ယူနိုင်ကြမှာ ဖြစ်ပါတယ်။

ဒီရောင်းချပွဲကြောင့် ကျောက်စိမ်းအချောထည်ဈေးကွက် ပိုမိုဖွံ့ဖြိုးလာပြီး ပြည်တွင်းမှာ အလုပ်အကိုင် အခွင့်အလမ်းတွေ ပိုမိုရရှိလာစေမှာ ဖြစ်ပါတယ်။ အရင်ကဆိုရင် ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်တဲ့ ကုမ္ပဏီတွေအနေနဲ့ နိုင်ငံခြားငွေနဲ့ ရောင်းချတဲ့ပြပွဲတွေကိုသာ အားထားနေကြရတာ ဖြစ်ပါတယ်။ အခုလို မြန်မာကျပ်ငွေနဲ့ ရောင်းချပေးတဲ့ပွဲတွေ လုပ်ပေးတဲ့အတွက် ကျောက်တွေကို ထိန်းသိမ်းထားရတဲ့ အခက်အခဲလျော့နည်းသွားစေပြီး မြန်မာကျပ်ငွေသာ သုံးစွဲနိုင်တဲ့ ကုမ္ပဏီတွေအနေနဲ့ ကျောက်စိမ်းကို အလွယ်တကူ ဝယ်ယူနိုင်မှာဖြစ်ပါတယ်။ နိုင်ငံခြားငွေနဲ့ ရောင်းချတဲ့ အဆင့်နိမ့် ကျောက်စိမ်းအသားကျောက် ရောင်းချပွဲကိုလည်း သီးခြားကျင်းပပေးသွားဖို့ အစီအစဉ်ရှိပါတယ်" ဟု ရှင်းလင်းပြောကြားသည်။

တရားဝင်ရောင်းဝယ်

မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းမှ အတွင်းရေးမှူး(၁) ဦးစံမျိုးကလည်း ရောင်းချပွဲကျင်းပပေးခြင်းနှင့်စပ်လျဉ်း၍ "မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းအနေနဲ့ ဒီပွဲမှာ အရင်ပွဲတွေလိုပဲ ကျောက်စိမ်းချိန်တွယ်ခြင်း၊ ကျောက်စစ်ဆေးခြင်းနဲ့ လက်ခံခြင်းတွေကို မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းနဲ့ ပူးပေါင်းပြီး လုပ်ဆောင်သွားမှာပါ။ ဒီပွဲမှာ မြန်မာနိုင်ငံသားတွေကိုပဲ ရောင်းချမှာဖြစ်ပြီး နေပြည်တော်မှာ မြန်မာကျပ်ငွေနဲ့ ပထမဆုံးအကြိမ် ရောင်းချတဲ့ပွဲဖြစ်ပါတယ်။ တိုင်းရင်းသား ကျောက်မျက်ရတနာလုပ်ငန်းရှင်တွေအနေနဲ့ အဆင့်နိမ့် အသားကျောက်တွေ ဝယ်ယူပြီး အရည်အသွေးမြှင့် အချောထည်လုပ်ငန်းတွေ လုပ်နိုင်မှာဖြစ်ပါတယ်။ ပြည်တွင်း ကျောက်မျက်ရတနာလုပ်ငန်းရှင်တွေအနေနဲ့ ကျောက်စိမ်းတွေကို တရားဝင် ဝယ်ယူရရှိပြီး တရားဝင် ရောင်းဝယ်ဖောက်ကားမှု ပြုလုပ်နိုင်မှာ ဖြစ်ပါတယ်။ အရင်းအနှီးနည်းပါးတဲ့ လုပ်ငန်းရှင် အသေးစားလေးတွေအတွက်လည်း ပါဝင်ဝယ်ယူလုပ်ကိုင်နိုင်တဲ့ အခွင့်အလမ်းတွေရရှိစေပြီး ပြည်တွင်းမှာ အချောထည်လုပ်ငန်းဈေးကွက် ဖွံ့ဖြိုးလာစေမှာ ဖြစ်ပါတယ်"ဟု ပြောကြားသည်။

နေပြည်တော်ရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်တွင် ရတနာပစ္စည်းအရောင်းဆိုင် ပုံမှန်ဖွင့်လှစ်ရောင်းချလျက်ရှိသော မောင်မောင်ဆန်း ကျောက်မျက်ရတနာကုမ္ပဏီလီမိတက်၏ မဏိသျှတ္တရ နဝရတ်လက်စွပ်နှင့် ရတနာပစ္စည်း အရောင်းဆိုင်မှ လုပ်ငန်းရှင် ဦးမောင်မောင်ဆန်းကလည်း "ဒီလို အဆင့်နိမ့်ကျောက်စိမ်းအသားကျောက်ရောင်းချပွဲ ကျင်းပပေးတာဟာ ရတနာပစ္စည်း အရောင်းဆိုင်တွေအတွက် ကျေးဇူးတင်ဝမ်းမြောက်စရာပါပဲ။ အချောထည်ဈေးကွက်မှာ အရင်းအနှီးနည်းသူတွေဟာ အရင်က ကျောက်စိမ်းဝယ်ယူဖို့ အခက်အခဲရှိခဲ့ပေမယ့် အခုလို မြန်မာကျပ်ငွေနဲ့ ရောင်းချပေးတဲ့အတွက် ကုန်ကြမ်း အလွယ်တကူရရှိစေပါတယ်။ ကျောက်စိမ်းဝယ်ယူရာမှာလည်း မိမိတို့ကြိုက်နှစ်သက်ရာကို တစ်နေရာတည်းမှာ အလွယ်တကူ ဝယ်ယူရရှိနိုင်တဲ့ အခွင့်အလမ်းဖြစ်ပါတယ်။ ပြည်တွင်းရတနာကုန်သည်တွေအနေနဲ့ မြန်မာကျပ်ငွေနဲ့ ဝယ်ယူခွင့်ရရှိခြင်းဖြင့် ကျောက်စိမ်း အချောထည်တွေကို ပိုမို ထုတ်လုပ်ရောင်းချလာနိုင်ပြီး အလုပ်အကိုင်တွေလည်း ပိုမိုရရှိလာမှာ ဖြစ်ပါတယ်"ဟု ပြောကြားသည်။

ပထမဆုံးအကြိမ်ရောင်းချ

ယခု ရောင်းချပွဲသည် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပသည့် ပြပွဲများအနက် မြန်မာကျပ်ငွေဖြင့် ပထမဆုံးအကြိမ် ရောင်းချသည့်ပွဲပင်ဖြစ်သည်။ ယခု ရောင်းချပွဲတွင် ကုမ္ပဏီ၊ ပုဂ္ဂလိကနှင့် အကျိုးတူကုမ္ပဏီ စုစုပေါင်း ၂၈ ခုတို့မှ ကျောက်စိမ်းအတွဲပေါင်း ၂၀၅ တွဲ ရောင်းချသွားမည်ဖြစ်ပြီး ပြည်တွင်း ရတနာကုန်သည် ၅၀၀ ခန့် တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

ကျင်းပပေး

နိုင်ငံတော်အနေဖြင့် ပြည်တွင်း တိုင်းရင်းသား လုပ်ငန်းရှင်များအား အရည်အသွေးနိမ့်သည့် အသားကျောက်များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူပြီး တန်ဖိုးမြှင့် အချောထည်များဖြစ်သည့် ပုတီး၊ လက်ကောက်၊ ဆွဲပြား၊ ရုပ်တုရုပ်ထွင်း စသည်တို့ကို ထုတ်လုပ်ရောင်းချနိုင်စေရန်ဟူသော စေတနာဖြင့် ကျင်းပပေးခြင်းဖြစ်ပေသည်။

ပိုမိုကြွယ်ဝလာ

ယခုကဲ့သို့ အဆင့်နိမ့်ကျောက်စိမ်းအသားကျောက်ရောင်းချပွဲ ကျင်းပပေးခြင်းဖြင့် ငွေကြေးအရင်းအနှီး နည်းပါးသော ကျောက်စိမ်းလုပ်ငန်းရှင်များနှင့် ပုဂ္ဂလိက ကျောက်စိမ်းလုပ်ငန်းများ တိုးတက်စေခြင်း၊ ကျောက်စိမ်းအချောထည် (Value Added) တန်ဖိုးမြှင့် ကျောက်စိမ်းထည်များ ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်စေခြင်း၊ နိုင်ငံသား ကျောက်မျက်၊ ကျောက်စိမ်းလုပ်ငန်းရှင်များ နေအင်အား ပိုမိုကြွယ်ဝလာစေပြီး ငွေကြေးလည်ပတ်မှု ပိုမိုကောင်းမွန်ရေး အထောက်အကူဖြစ်စေခြင်း၊ နိုင်ငံသားများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်ရရှိစေခြင်း စသည့် အကျိုးကျေးဇူးများ ဖြစ်ထွန်းရရှိစေမည်ဖြစ်ပါကြောင်း ရေးသား တင်ပြလိုက်ရပါသည်။ ။

အဆင့်နိမ့်ကျောက်စိမ်းအသားကျောက်ရောင်းချပွဲတွင် ရောင်းချမည့် အဆင့်နိမ့်ကျောက်စိမ်းအသားကျောက်များ ခင်းကျင်းထားမှုကို တွေ့ရစဉ်။

ကွမ်းလုံမြို့ရှိ စာသင်ကျောင်းများ ပြည်နယ်ဝန်ကြီး ကြည့်ရှုစစ်ဆေး

ကွမ်းလုံ ဩဂုတ် ၁၁

ကွမ်းလုံခရိုင် ကွမ်းလုံမြို့ အခြေခံပညာအထက်တန်းကျောင်း၊ အလက (ခွဲ)ကျောင်းနှင့် ဟိုလီကျေးရွာ အလယ်တန်းကျောင်းတို့ကို ရှမ်းပြည်နယ် လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမျိုးထွန်း ဇူလိုင် ၂၇ ရက် နံနက် ၁၁ နာရီခွဲက ကြည့်ရှုစစ်ဆေးရာ**(ယာပုံ)** ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်သက်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုး၊ ခရိုင်ပညာရေးမှူး ဒေါ်ခင်ဌေးနှင့် ကျောင်းအုပ်ကြီးများက ကျောင်း၏ လိုအပ်ချက်များကို တင်ပြကြသည်။

ထို့နောက် ပြည်နယ်လူမှုရေး ဝန်ကြီးဌာန ဝန်ကြီးက ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေး၊ ယင်လုံအိမ်သာသုံးစွဲရေး၊ မူလတန်း၊ အလယ်တန်းပညာများ စနစ်တကျ သင်ကြားပေးရေး၊ တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေးအတွက် ကြိုးစားဆောင်ရွက်ကြရေး ဆွေးနွေးမှာကြားပြီး ကျောင်းအလိုက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

မြို့သန့်ရှင်းသာယာလှပရေး ဖန်းဇော်၌ ဆောင်ရွက်

ဖန်းဇော် ဩဂုတ် ၁၁

ဖန်းဇော်မြို့ သန့်ရှင်းသာယာလှပရေးအတွက် ဖန်းဇော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယဦးစီးမှူး (သန့်ရှင်းရေး) ဦးကျော်ကျော်ခိုင်နှင့် အဖွဲ့ဝန်ထမ်းများ ဇူလိုင် ၁၇ ရက်က နည်းပညာတက္ကသိုလ်လမ်းနှင့် ဗိုလ်ချုပ်လမ်းရုံးကြီးလမ်းတစ်လျှောက် ချုံနွယ်များရှင်းလင်းခြင်း၊ ရေမြောင်းများ ရှင်းလင်းဆယ်ယူခြင်းနှင့် အမှိုက်များ သိမ်းဆည်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနကကြီးမှူး၍ (၁၃)ကြိမ်မြောက် Pre-Sea Deck Rating Training Course သင်တန်းဆင်းပွဲကို ဇူလိုင် ၁၄ ရက်က အမှတ်(၇) လေးထောင့်ကန်လမ်း သဃ်န်းကျွန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီးရှိ သင်တန်းခန်းမ၌ ကျင်းပရာ မြန်မာ့သင်္ဘောသားဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးကျော်မြင့်ဦးက သင်တန်းသားတစ်ဦးအား သင်တန်းဆင်းအောင်လက်မှတ် ပေးအပ်စဉ်။ (မြန်မာ့အလင်း)

ကွန်ကရစ်
လမ်းမကြီးများ
ပေါ်တွင်
သံဘီးတပ်ယာဉ်၊
နွားလှည်းယာဉ်
များ
မောင်းနှင်ခြင်း
မပြုရ။

မြန်မာ့အလင်း ပြည်တွင်းအားကစား ပြည်တွင်းအားကစား ပြည်တွင်းအားကစား ပြည်တွင်းအားကစား

မြန်မာ-ဂျပန် နိုင်ငံတကာရိုးရာလက်ဝှေ့ပြိုင်ပွဲ ပေါင်းစပ်ညှိနှိုင်းအစည်းအဝေး ကျင်းပ

ရန်ကုန် ဩဂုတ် ၁၁

အားကစားဝန်ကြီးဌာနနှင့် မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့ချုပ်တို့ကကြီးမှူးပြီး H & S Group မှ စီစဉ်သော ဩဂုတ် ၁၃ ရက်မှ ၁၄ ရက်အထိ မြန်မာ-ဂျပန် နိုင်ငံတကာရိုးရာလက်ဝှေ့ပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီခွဲက ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျိုက္ကဆံကွင်းရှိ အားကစားနှင့်ကာယပညာဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အဖွင့်အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ် အတွင်းရေးမှူး ဦးစိုင်းဇော်ဇော်နှင့် အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြသန်းထိုက်တို့က ပြိုင်ပွဲကြိုတင်ပြင်ဆင်ဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်ပြီး ပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီအသီးသီးမှ ဌာနဆိုင်ရာတာဝန်ရှိသူတို့က ရှင်းလင်းတင်ပြကြပြီး ညွှန်ကြားရေးမှူးချုပ်က လိုအပ်ချက်များ ပြန်လည်ဖြည့်စွက်မှာကြားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

အပြည်ပြည်ဆိုင်ရာ ဘတ်စကက်ဘော ဒိုင်လူကြီးစာမေးပွဲ ဖြေဆိုရန် ဗီယက်နမ်နိုင်ငံသို့ ထွက်ခွာ

ရန်ကုန် ဩဂုတ် ၁၁

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ (ဟနွိုင်းမြို့)တွင် ကျင်းပမည့် ၂၀၁၁ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဘတ်စကက်ဘောဒိုင်လူကြီး စာမေးပွဲသို့ ဝင်ရောက်ဖြေဆိုရန်အတွက် မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်မှ ဒိုင်လူကြီးများဖြစ်ကြသည့် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်စိုးစိုးလွင်နှင့် တပ်မတော်ကိုယ်ခံပညာနှင့် အားကစားသိပ္ပံမှ တပ်ကြပ်ဝင်းနိုင်ဖြိုးတို့သည် ယနေ့ည ၇ နာရီတွင် လေကြောင်းခရီးဖြင့် ဗီယက်နမ်နိုင်ငံသို့ ထွက်ခွာသွားကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား မြန်မာ့ရိုးရာစစ်တုရင်ပြိုင်ပွဲဖွင့်

ရန်ကုန် ဩဂုတ် ၁၁

၂၀၁၁ခုနှစ် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား မြန်မာ့ရိုးရာစစ်တုရင်တစ်ဦးချင်းပြိုင်ပွဲ ဖွင့်ပွဲကို ဩဂုတ် ၁၀ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူအားကစားခန်းမ၌ ကျင်းပသည်။

ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ရှေးဦးစွာ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် ဥက္ကဋ္ဌဦးမောင်မောင်လွင်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်သို့ မြန်မာ့ရိုးရာစစ်တုရင်ကော်မတီဥက္ကဋ္ဌ Future Engineering Group မှ မန်နေဂျင်းဒါရိုက်တာ ဦးဝင်းအောင်က ငွေကျပ် ၁၀ သိန်း ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌက မြန်မာ့ရိုးရာစစ်တုရင်ပြိုင်ပွဲအား ပထမဆုံးကစားကွက်ကို ရွှေ့၍ ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

အဆိုပါပြိုင်ပွဲကို ဩဂုတ် ၁၀ ရက်မှ ၁၆ရက်အထိ နံနက် ၉နာရီမှ မွန်းလွဲ ၁နာရီအထိ နေ့စဉ် နှစ်ပွဲယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

အားကစားပြိုင်ပွဲများတွင် အောင်ပွဲရ ကယားပြည်နယ် တိုက်ကွမ်ဒိုအသင်းနှင့် ကရာတေးဒိုအသင်းတို့အား ဂုဏ်ပြုချီးမြှင့်

ရန်ကုန် ဩဂုတ် ၁၁

၂၀၁၁ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အားကစားပြိုင်ပွဲများတွင် တံခွန်စိုက် ဒုတိယဆုများရရှိခဲ့သော ကယားပြည်နယ် တိုက်ကွမ်ဒိုအသင်းနှင့် ကရာတေးဒိုအသင်းတို့အား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ဩဂုတ် ၈ ရက် နံနက် ၉နာရီတွင် လွိုင်ကော်မြို့ မြို့တော်ခန်းမ၌ကျင်းပရာ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးခင်မောင်ဦး တက်ရောက်၍ အမှာစကားပြောကြားကာ တံခွန်စိုက် ဒုတိယဆုရ ကယားပြည်နယ် အမျိုးသား/အမျိုးသမီး တိုက်ကွမ်ဒိုအသင်းနှင့် ကယားပြည်နယ် အမျိုးသား ကရာတေးဒိုအသင်းတို့အား ဂုဏ်ပြုဆုများချီးမြှင့်သည်။

ချီးမြှင့်

ယင်းနောက် ပြည်နယ်ဝန်ကြီးများက အုပ်ချုပ်သူများ၊ နည်းပြများ၊ ရွှေ ငွေနှင့် ကြေးဆုများရရှိကြသော အားကစားသမားများအား တစ်ဦးချင်းဂုဏ်ပြုဆုများ ချီးမြှင့်ကြပြီး ပြည်နယ်တိုက်ကွမ်ဒိုအသင်းနည်းပြ ဦးစတာနီနှင့် ကရာတေးဒိုအသင်းနည်းပြ ဒေါ်ဝင်းသူဇာမင်းတို့က ပြိုင်ပွဲအတွေ့အကြုံနှင့် ကျေးဇူးတင်စကားပြောကြားခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

နေပြည်တော် ဩဂုတ် ၁၁

၂၀၁၁ ခုနှစ် ပဉ္စမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပွဲစဉ်များကို ယနေ့ ညနေပိုင်းတွင် သတ်မှတ်နေရာများ၌ဆက်လက်ကျင်းပရာ အမှတ်(၂)နေပြည်တော် အားကစားကွင်းတွင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနအသင်းက လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအသင်းကို ငါးဂိုး-နှစ်ဂိုးဖြင့်လည်းကောင်း၊ နေပြည်တော်လယ်ဝေး အားကစားကွင်းတွင် သစ်တောရေးရာဝန်ကြီးဌာနအသင်းက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိသွားကြသည်။

ယှဉ်ပြိုင်ကစား

ဩဂုတ် ၁၂ ရက် ပွဲစဉ်များအဖြစ် အမှတ်(၂)နေပြည်တော်အားကစားကွင်းတွင် (ဂ)အုပ်စုမှ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအသင်းနှင့် အလုပ်သမားဝန်ကြီးဌာနအသင်း၊ နေပြည်တော်လယ်ဝေး အားကစားကွင်းတွင် အားကစားဝန်ကြီးဌာနအသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အသက် ၂၁ နှစ်အောက် ယူရိုခြေစစ်ပွဲ ဘီလာရုစ်၊ ဖင်လန်နှင့် ချက်အသင်းတို့ နိုင်ပွဲရရှိ

အေဇင် ဩဂုတ် ၁၁

အသက် ၂၁ နှစ်အောက် ယူရိုဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲများကို ဩဂုတ် ၁၁ ရက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ အုပ်စု(က)မှ ဂရိနှင့် ဘီလာရုစ်တို့ပွဲတွင် ဘီလာရုစ်က သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဘီလာရုစ်အသင်းမှ ခလီဘိုဆိုလော့စ်က ပွဲအစ ၁၂ မိနစ်မှာပင် အဖွင့်ဂိုးသွင်းယူပြီး ၁၈ မိနစ်၌ ပါတိုစကီက ဒုတိယဂိုး ***(အပေါ်ပုံ)*** *သွင်းယူပေးခဲ့သဖြင့် ဘီလာရုစ်တို့နှစ်ဂိုး ရရှိခဲ့သည်။ သို့သော် ပွဲချိန် ၃၈ မိနစ်၌ ပယ်နယ်တီပြစ်ဒဏ်ဘောမှတစ်ဆင့် ဂရိမှ ပိုတိုရီဒစ်က သွင်းယူခဲ့သဖြင့် ချေပဂိုးရရှိခဲ့သည်။*

ဆက်လက်ပြီး ပွဲချိန် ၈၇ မိနစ်၌ ဂရိမှ ဇော်တိုနစ်က ဒုတိယချေပဂိုးသွင်းယူပေးခဲ့သဖြင့် နှစ်ဂိုးစီသရေဖြစ်နေခဲ့သည်။ သို့သော် ပွဲချိန် ၉၀ မိနစ်၌ ဘီလာရုစ်မှ ခလီဘိုဆိုလော့စ်က ပယ်နယ်တီမှတစ်ဆင့် ဂိုးသွင်းယူခဲ့သဖြင့် ဘီလာရုစ်တို့ သုံးဂိုး-နှစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ အုပ်စု(ခ)မှ ဖင်လန်နှင့် ဆလိုဗေးနီးယားတို့ပွဲတွင် ဖင်လန်အသင်းက တစ်ဂိုး- ဂိုးမရှိဖြင့် နိုင်ပွဲရရှိခဲ့သည်။ ဖင်လန်အသင်းအတွက်ဂိုးကို ပွဲချိန် ကိုးမိနစ်၌ ဗာလီက ပယ်နယ်တီပြစ်ဒဏ်ဘောမှတစ်ဆင့် သွင်းယူခဲ့ခြင်းဖြစ်သည်။

အုပ်စု(ဂ)မှ ချက်နှင့်အင်ဒိုရာအသင်းတို့ပွဲတွင် ချက်အသင်းက ရှစ်ဂိုးပြတ်အနိုင်ရရှိခဲ့သည်။ ချက်အသင်းအတွက် ဂိုးများကို ပွဲချိန် ၆ မိနစ်၊ ၄၀ မိနစ်နှင့် ၇၂ မိနစ်တို့တွင် ခါလစ်တစ်ဦးတည်းသုံးဂိုးသွင်းပြီး ပွဲချိန် ၁၄ မိနစ်၌ ဝါဂနာ၊ ၄၇ မိနစ်၌ နီထရန်စကီ၊ ပွဲချိန် ၅၄ မိနစ်၌ ဒါရီဒါ၊ ၈၉ မိနစ် ၌ ပီတရာ၊ ၉၀ မိနစ်၌ ဟက်ဘာဆာတို့က တစ်ဂိုးစီသွင်းယူပေးခဲ့သဖြင့် ချက်အသင်း ရှစ်ဂိုးရရှိခဲ့ခြင်းဖြစ်သည်။ အုပ်စု(ဃ)မှ မြောက်အိုင်ယာလန်နှင့် ဖာရိုးကျွန်းစုတို့ပွဲတွင် မြောက်အိုင်ယာလန်က လေးဂိုးပြတ်ဖြင့် အနိုင်ရရှိသွားခဲ့သည်။ ***(အင်တာနက်)***

မောင်မောင်မြင့်ဆွေ – ရေးသားသည်

အာဆင်နယ်မှ ဖာဘရီဂတ်စ် ဘာစီလိုနာသို့ပြောင်းရန် နီးစပ်လာ

လန်ဒန် ဩဂုတ် ၁၁

အာဆင်နယ်အသင်း ကွင်းလယ်ကစားသမား ဖာဘရီဂတ်စ်အား ဘာစီလိုနာအသင်းက ခေါ်ယူစာချုပ်ရန် နီးစပ်နေပြီဖြစ်ကြောင်း အာဆင်နယ်ကလပ်က ဩဂုတ် ၁၁ ရက်၌ သတင်းထုတ်ပြန်သည်။

အသက် ၂၄ နှစ်အရွယ် ဖာဘရီဂတ်စ်အား **(အောက်ပုံ)** ဘာစီလိုနာက ပြောင်းရွှေ့ကြေး ပေါင် ၃၅ သန်းပေး၍ခေါ်ယူရန် သဘောတူညီချက် ရရှိထားပြီဟုဆိုသည်။

ထပ်မံတိုးပေး

ဘာစီလိုနာအသင်းသည် ကနဦးက ပြောင်းရွှေ့ကြေး ပေါင် သန်း ၃၀ ပေးခဲ့သော်လည်း ယခုအခါ ပေါင် ၅ သန်း ထပ်မံတိုးပေးခဲ့ခြင်း ဖြစ်သည်။ အာဆင်နယ်အသင်းသည် ဖာဘရီဂတ်စ်ပြောင်းရွှေ့ကြေးကို ယခင်က ပေါင်သန်း ၄၀ သတ်မှတ်ထားခဲ့သော်လည်း ဘာစီလိုနာနှင့်ယခုအခါ ညှိနှိုင်းမှုပြုလုပ်ကာ သဘောတူညီမှုရခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

ယူ-၂၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ရှုံးထွက်ပွဲစဉ် နိုင်ဂျီးရီးယား၊ စပိန်၊ ဘရာဇီးနှင့် ပြင်သစ်တို့ နိုင်ပွဲရ

ဘိုဂိုတာ ဩဂုတ် ၁၁

ယူ-၂၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ၁၆ သင်းအဆင့်ရှုံးထွက်ပွဲစဉ်များကို ဩဂုတ် ၁၁ ရက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ နိုင်ဂျီးရီးယားနှင့် အင်္ဂလန်တို့ပွဲတွင်(အပေါ်ပုံ) နိုင်ဂျီးရီးယားက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

နိုင်ဂျီးရီးယားအတွက်တစ်လုံးတည်းသော အနိုင်ဂိုးကို ဒုတိယပိုင်း ပွဲချိန် ၅၂မိနစ်၌ အက်ဘီဒီက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ အင်္ဂလန်အသင်းပွဲချိန်ပြည့်သည်အထိ ချေပဂိုးမသွင်းနိုင်ခဲ့၍ ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

စပိန်နှင့် တောင်ကိုရီးယားအသင်းတို့ပွဲတွင် ပွဲချိန်ပြည့်သည်အထိ ဂိုးမသွင်းနိုင်ကြသဖြင့် ဂိုးမရှိသရေပွဲဖြစ်ခဲ့သည်။ ထို့နောက် ပယ်နယ်တီကန်သွင်းဆုံးဖြတ်ရာ စပိန်တို့က ခုနစ်ဂိုး-ခြောက်ဂိုးဖြင့် အနိုင်ရရှိသွားခဲ့သည်။

ဘရာဇီးနှင့် ဆော်ဒီအာရေဗျအသင်းတို့ပွဲတွင် ဘရာဇီးတို့က သုံးဂိုးပြတ်အနိုင်ရရှိခဲ့သည်။ ဘရာဇီးအတွက်ဂိုးများကို ပွဲချိန် ၄၆ မိနစ်၌ ဟန်ရီကွီကတစ်ဂိုး၊ ပွဲချိန် ၆၉ မိနစ်၌ ဆီးလ်ဗားက တစ်ဂိုးသွင်းယူပေးခဲ့ပြီး တတိယဂိုးကို ၈၆ မိနစ်၌ တိုက်စစ်မှူး ဒူဒူက သွင်းယူပေးခဲ့သည်။ ပြင်သစ်နှင့် အီကွေဒေါအသင်းတို့ပွဲတွင် ပြင်သစ်က တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရရှိခဲ့သည်။ ပြင်သစ်အတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ပွဲချိန် ၇၅မိနစ်၌ ဂရက်ဇ်မင်းက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

ကွာတားဖိုင်နယ်

ကွာတားဖိုင်နယ်ပွဲများအဖြစ် ဩဂုတ် ၁၃ ရက်၌ ပေါ်တူဂီနှင့် အာဂျင်တီးနား၊ မက္ကဆီကို နှင့် ကိုလံဘီယာတို့ ကစားရမည်ဖြစ်ပြီး ဩဂုတ် ၁၄ ရက်၌ နိုင်ဂျီးရီးယားနှင့် ပြင်သစ်၊ ဘရာဇီးနှင့် စပိန်တို့ ယှဉ်ပြိုင်ကြရမည် ဖြစ်သည်။(အင်တာနက်)

ဗီဒီယိုလုပ်ငန်းဆိုင်ရာရှင်းလင်းပွဲ ပုသိမ်၌ ကျင်းပ

ပုသိမ် ဩဂုတ် ၁၁

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ဆရာဝန်အသင်း ခန်းမ၌ ဩဂုတ် ၆ ရက် နံနက် ၁၀ နာရီက ဗီဒီယိုလုပ်ငန်းဆိုင်ရာ ရှင်းလင်းပွဲကို ကျင်းပရာ အခမ်းအနားတွင် ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးဗဟိုကော်မတီ အတွင်းရေးမှူး ဦးအောင်စိုးမင်းက ၂၀၁၁-၂၀၁၂ ခုနှစ်အတွက် ပြန်ကြားရေးဝန်ကြီးဌာန၏ လုပ်ငန်းတာဝန် (၁၄)ရပ်၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း၏ လုပ်ငန်းတာဝန် (၁၃)ရပ်နှင့် ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီအတွက် လမ်းညွှန်ချက် (၇)ချက်၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း၏ တိုင်းဒေသကြီးနှင့် ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ အနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့်ရုပ်မြင်သံကြားနှင့် ဗီဒီယိုအခြေခံဥပဒေပါ ဗီဒီယို ရိုက်ကူး၊ တည်းဖြတ်၊ ထုတ်လုပ်၊ ဗွီစီဒီ၊ ဒီဗွီဒီကူးယူခြင်းနှင့် ဖြန့်ချိရောင်းချ ငှားရမ်းပြသခြင်း၊ ကာရာအိုကေ၊ လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်၊ အမျိုးသား၊ အမျိုးသမီးအလှပြင်ခန်းမ၊ အလှပြင်ဆိုင်များတွင် ဗီဒီယိုပြသခြင်းနှင့် စပ်လျဉ်းသည့်ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)**

ပြန်လည်ဖြေကြား

ထို့နောက် တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးဗဟိုကော်မတီအတွင်းရေးမှူးက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

လောင်းလုံ၌ သိပ္ပံနည်းကျ မိုးစပါးစိုက်ပျိုး

လောင်းလုံ ဩဂုတ် ၁၁

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် လောင်းလုံမြို့နယ် သာယာကုန်းကျေးရွာ တောင်သူဦးထွန်းဆိုင်၏ ကွင်းအမှတ်(၁၈၁) လယ်မြေတွင် သိပ္ပံနည်းကျ ပျိုးပေါင်စနစ်ဖြင့် ပျိုးထောင်ထားသော ကျော်ဇေယျစပါးမျိုး စိုက်ပျိုးပွဲကို ဇူလိုင် ၂၆ ရက် နံနက် ၈ နာရီခွဲက ကျင်းပရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုင်းဒေသကြီး မန်နေဂျာ ဦးမြင့်စိုးက သိပ္ပံနည်းကျ အထွက်တိုး (၁၄)ချက်ကို ရှင်းလင်းပြောကြားသည်။

လေ့လာကြည့်ရှု

အဆိုပါ စိုက်ပျိုးပွဲသို့ တိုင်းဒေသကြီး စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ဝင်များ၊ ခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးကျော်လှ၊ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးမျိုးမင်းလွင်ဦး၊ ဝေဒီခြိမန်နေဂျာ ဦးဆန်နီ၊ မြို့နယ်စိုက်ပျိုးရေးဝန်ထမ်းများ၊ သာယာကုန်းကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် တောင်သူများ တက်ရောက်လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ပုံ) (မြို့နယ် ပြန်/ဆက်)**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲကို ဩဂုတ် ၅ရက်က အထက(၂)ကျောင်း ခန်းမ၌ ကျင်းပရာ မြို့နယ်ဦးစီးမှူး ဦးအေးဝင်းက ကျောင်းသားကျောင်းသူ ၃၈၅ ဦး၏ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးသင်းထံ ပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

စုပေါင်းလှူဒါန်းပွဲ ကျုံပျော်၌ကျင်းပ

ကျုံပျော် ဩဂုတ် ၁၁

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့၌ ဇူလိုင် ၃၁ ရက် မွန်းလွဲ ၁ နာရီက စုပေါင်းလှူဒါန်းပွဲကျင်းပရာ အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးတင်စိုး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးသူရ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းထွန်း၊ ပုသိမ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးအေးဟန်၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးသန်းစိန်နှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် အလှူရှင်များတက်ရောက်၍ စုစုပေါင်းငွေကျပ် ၂၈၇၇၆၀၀ တန်ဖိုးရှိ လှူဖွယ်ပစ္စည်းများ လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

ဆေးဝါးကျွမ်းကျင် မဟာသိပ္ပံဘွဲ့ဆိုင်ရာ ဟောပြောမည်

ရန်ကုန် ဩဂုတ် ၁၁

ဆေးဝါးကျွမ်းကျင်ဓာတုဗေဒမဟာသိပ္ပံဘွဲ့နှင့် ဆေးဝါးကျွမ်းကျင်နည်းပညာမဟာသိပ္ပံဘွဲ့ သင်တန်းများကို ၂၀၁၁ ခုနှစ်နှစ်ဦးပိုင်းတွင် စတင်ဖွင့်လှစ်ခဲ့သော မလေးရှားနိုင်ငံရှိ UCSI University က ချီးမြှင့်သည့် မဟာဆေးသိပ္ပံဘွဲ့နှင့် ပတ်သက်၍ ရှင်းလင်းဟောပြောပွဲကို ဩဂုတ် ၁၃ရက်(စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ Parkroyal Hotel ၌ ကျင်းပမည်ဖြစ်ရာ အဆိုပါဟောပြောပွဲသို့ စိတ်ဝင်စားသူများ တက်ရောက်နိုင်ကြောင်း သိရှိရသည်။

စာတွေ့လက်တွေ့

ဆေးဝါးကျွမ်းကျင် ထုတ်လုပ်မှုနယ်ပယ်တွင် ဆေးသုတေသနနှင့် နည်းပညာကိုပေါင်းစပ်ထားသော ပထမဦးဆုံးဘွဲ့ပေးအပ်သည့် အဆိုပါ မဟာသိပ္ပံဘွဲ့ကို တစ်နှစ် သင်ကြားရမည်ဖြစ်ပြီး စာတွေ့နှင့်လက်တွေ့ သုတေသနများကို ပေါင်းစပ်ထားသည့်အပြင် စီးပွားရေးဘာသာရပ်အချို့ကိုပါ ထည့်သွင်းသင်ကြားကာ ဆေးဝါးဖော်စပ်ပုံ၊ ထုတ်လုပ်ပုံ၊ အဆင့်မြင့် ဆေးဝါးဖြန့်ဖြူးမှုစနစ်များ၊ သွေးထဲတွင် ပါဝင်သော ဇီဝပစ္စည်းများ၏ ဇီဝရရှိမှုနှင့် ပြင်းအားအစရှိသည်တို့ကိုပါ ကျောင်းသားများ လေ့လာရမည်ဖြစ်ကြောင်း၊ အဆိုပါ မဟာသိပ္ပံဘွဲ့ကို လျှောက်ထားလိုသူများသည် B.S.C (Pharmacy) (သို့) သက်ဆိုင်ရာ သိပ္ပံဘွဲ့တစ်ခုခုရထားရမည် ဖြစ်ပြီး IELTS(6.0) (သို့) TOEFL (570) ရရှိထားရန်လိုအပ်ကာ IELTS (သို့) TOEFL အမှတ်များမရှိပါက UCSI ၏ အင်္ဂလိပ်စာ စာမေးပွဲကို ဖြေဆိုရမည်ဖြစ်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက UCSI University INFO Day သို့ တက်ရောက်နိုင်ပြီး Synergy Education ဖုန်း -၅၅၈၄၂၈နှင့် ဖုန်း-၀၉-၅၅၀၄၉၃၁ တို့ထံသို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

စမ်းချောင်းမြို့နယ် ပဒုမ္မာလမ်း အမှတ်(၁၁)နေ ဖခင်ဦးစံလှ-မိခင် ဒေါ်လှမင်းနှင့်အစ်ကို၊ အစ်မများအားရည်စူး၍ ဒေါ်အေးအေးလှ၊ ဒေါ်သန်းသန်း၊ ဦးကျော်ဇင်နှင့် ဒေါ်ခင်မြင့်ဦး၊ ဦးတင်အောင်မိသားစုတို့က ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်အမှတ် (၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်ကင်ဆာဖောင်ဒေးရှင်းအတွင်း လူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ်နှစ်သိန်း လှူဒါန်းရာ အုပ်ချုပ်ရေးမှူး ဦးပြုံးလက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုး

ရန်ကုန် ဩဂုတ် ၁၁

သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရေးအတွက်စိန်ဂေဟာမိသားစု၏ ကမ္ဘာမြေချစ်သူများ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဩဂုတ် ၇ ရက် နံနက် ၈နာရီက မင်္ဂလာဒုံမြို့နယ် လှော်ကားသဘာဝဥယျာဉ်တွင် ကျင်းပရာ စိန်ဂေဟာမိသားစုနှင့် ဝန်ထမ်းများက ကျွန်းပျိုးပင် ၁၀၀၀ကို စုပေါင်းစိုက်ပျိုးကြသည်။ **(အောက်ပုံ)** အဆိုပါ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို စိန်ဂေဟာမိသားစုမှ ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်ပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းလုပ်ငန်းများအပြင် လူမှုရေးလုပ်ငန်းများဖြစ်သည့် HIV ဝေဒနာရှင်များအား ကူညီစောင့်ရှောက်ခြင်းလုပ်ငန်း၊မိဘမဲ့ကလေးစောင့်ရှောက်ရေးလုပ်ငန်း၊ ဘုန်းတော်ကြီးသင်ပညာရေးထောက်ပံ့ခြင်းလုပ်ငန်းနှင့် ခိုကိုးရာမဲ့ဘိုးဘွားများ စောင့်ရှောက်ခြင်းလုပ်ငန်းများကို နှစ်စဉ်ရာသီအလိုက် ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

ခေါင်းလောင်းတီး အမှိုက်သိမ်း

မုံရွာမြို့ ဆူးလေကုန်းရပ်ကွက် သာစည်လမ်းမကြီးတစ်လျှောက် ခေါင်းလောင်းတီး အမှိုက်သိမ်းလုပ်ငန်းကို ဇူလိုင် ၂၅ ရက်က ဒုတိယ ဦးစီးမှူး(သန့်) ဦးဝင်းဆန်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့အလင်း စာတည်းထံပေးစာများ

ကျောက်ဖြတ်စက်သံ ဆူညံလွန်း

စာတည်းခင်ဗျား-

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ဘောဂဝတီအုပ်စု အရှေ့အေးမြသာစည်ရပ်ကွက်အတွင်း လူနေအိမ်တစ်အိမ်တွင် ကျောက်ဖြတ်စက်လုပ်ငန်း လုပ်ကိုင်လျက်ရှိရာ ၎င်းလုပ်ငန်းမှ ထွက်ပေါ်လာသော ဆူညံသံကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်ရပါသဖြင့် သက်ဆိုင်ရာမှ ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ကျောက်ဆည်သား**

ရေမြောင်းအတွင်း အမှိုက်များ မပစ်စေချင်

စာတည်းခင်ဗျား-

ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် ၃၂ ရပ်ကွက် စိမ်းလဲ့သာယာလမ်းနှင့် ဗိုလ်ကြာညွှန့်လမ်းထိပ် စစ်ကိုင်းဦးဘိုးသင်းလမ်းမကြီးဘေး ရေနုတ်မြောင်းအတွင်းသို့ ရပ်ကွက်များမှ အမှိုက်များ၊ စားသောက်ဆိုင်များမှ အမှိုက်နှင့် စားကြွင်းစားကျန်များ နေ့စဉ် လာရောက်စွန့်ပစ်နေမှုကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်ရပါသဖြင့် သက်ဆိုင်ရာမှကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ရပ်ကွက်သား**

ဝက်ခြံမှ အနံ့ဆိုး ပတ်ဝန်းကျင်မခံနိုင်

စာတည်းခင်ဗျား-

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် ၁၃၃-၂ ကွက် ဗိုလ်မှူးဗထူးလမ်းရှိ နေအိမ်တစ်အိမ်တွင် ဝက်များကို စီးပွားဖြစ်မွေးမြူထားသဖြင့် ဝက်များ၏ ဆူညံသံနှင့် အညစ်အကြေးအနံ့ဆိုးများကြောင့်ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်ရပါသဖြင့် သက်ဆိုင်ရာမှ လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **လမ်းသူလမ်းသားများ**

သစ်ပင်စိုက်ပါ
ဒို့ကမ္ဘာ
သာယာလှပ
စိမ်းမြမြ

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ-ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

အမှာစကားပြောကြား

ပြည်ပတွင် အလုပ်လုပ်ကိုင်မှု ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည် ပြည်ပတွင် အလုပ်လုပ်ကိုင်မှု ကြီးကြပ်ရေးကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပြည်ပရောက် မြန်မာအလုပ်သမားများအား အကာအကွယ်ပေးရေး အပြည်ပြည်ဆိုင်ရာ ကျင့်သုံးဆောင်ရွက်မှုများနှင့်အညီဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၁

ယနေ့ အစည်းအဝေးသည် နိုင်ငံတော်သမ္မတကြီး၏ ၂၀၁၁ ခုနှစ် မတ် ၃၀ ရက် ပြည်ထောင်စုလွှတ်တော်၌ ပြောကြားခဲ့သော အဖွင့်မိန့်ခွန်းတွင်ပါရှိသည့်အတိုင်း ပြည်တွင်း၌ရှိသော အလုပ်သမားများ၏ အခွင့်အရေးသာမက ပြည်ပတွင် အလုပ်လုပ်ကိုင်နေသည့် မြန်မာနိုင်ငံသား အလုပ်သမားများ၏ တရားဝင်အခွင့်အရေးများ ရရှိနိုင်ရန် ကြိုးပမ်းလုပ်ဆောင်ရန် လမ်းညွှန်ချက်ကို အကောင်အထည်ဖော်ခြင်းဖြစ်ပါကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့က အသစ်ဖွဲ့စည်းပေးခဲ့သော ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ၏ အဓိကလုပ်ငန်းတာဝန်များတွင် အလုပ်သမားဝန်ကြီးဌာနက အလုပ်သမားရွေးချယ်စေလွှတ်ခြင်းကိစ္စ၊ ပို့ဆောင်ရေးဝန်ကြီးဌာနက သင်္ဘောသားရွေးချယ်စေလွှတ်ခြင်းကိစ္စ၊ ပြည်ထဲရေးဝန်ကြီးဌာနက အလုပ်လုပ်ကိုင်ရန်လျှောက်ထားမှု စိစစ်ခြင်းကိစ္စများ ပါဝင်လာပါကြောင်း၊ အဆိုပါ တာဝန်များအပြင် ပြည်ပရောက် မြန်မာအလုပ်သမားများအား အကာအကွယ်ပေးရေးသည် အပြည်ပြည်ဆိုင်ရာက ကျင့်သုံးဆောင်ရွက်မှုများနှင့် အာဆီယံ စီဘူးကြေညာစာတမ်း(Cebu Declaration) တို့နှင့်အညီ အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီကို အထောက်အကူပြုနိုင်ရန် လုပ်ငန်းကော်မတီများ စာမျက်နှာ ၆ ကော်လံ ၁ ❐

ဆာဖာရီဉယျာဉ်(နေပြည်တော်)နှင့် တိရစ္ဆာန်ဉယျာဉ်များ၌ မွေးမြူပြသရန် ရှားပါးတိရစ္ဆာန်များ စင်းလုံးငှားလေယာဉ်ဖြင့်ရောက်ရှိ

နေပြည်တော် ဩဂုတ် ၁၁

သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနအောက်ရှိ ဆာဖာရီဉယျာဉ်(နေပြည်တော်)နှင့် တိရစ္ဆာန်ဉယျာဉ်တို့တွင် မွေးမြူပြသရန်အတွက် တောင်အာဖရိကနိုင်ငံမှ မှာယူထားသော ရှားပါးတိရစ္ဆာန် ၁၀ မျိုး ၅၈ ကောင်သည် ဩဂုတ် ၉ ရက် နံနက် ၈ နာရီတွင် စင်းလုံးငှား ဘိုးအင်းလေယာဉ်ဖြင့် နေပြည်တော်လေဆိပ်သို့ ရောက်ရှိလာသည်။

မှာယူတင်သွင်းထားသော တိရစ္ဆာန်များမှာ ခြင်္သေ့ဖြူ ခြောက်ကောင်၊ ခြင်္သေ့ညို လေးကောင်၊ ကျားဖြူ နှစ်ကောင်၊ ကျားဝါ လေးကောင်၊ သစ်ကုလားအုတ် ခြောက်ကောင်၊ ရေမြင်း နှစ်ကောင်၊ မြင်းကျား ခြောက်ကောင်၊ နူးသမင် ၁၂ ကောင်၊ ညာလာသမင် ၁၂ ကောင်နှင့် ငှက်ကုလားအုတ် လေးကောင် စုစုပေါင်း ၅၈ ကောင်ဖြစ်ပြီး အဆိုပါတိရစ္ဆာန်များအနက် ခြင်္သေ့တစ်စုံနှင့် ကျားတစ်စုံတို့ကို စာမျက်နှာ ၆ ကော်လံ ၆ ●